
YASHODRA

# ယသော်ဓရာ

(ပန်းချီရုပ်စုံ)

ဖော့ဒ္ဓာစရိယ ရှန်တိ ဆွာရူပ ဖော့ဒ္ဓ



Generated by CamScanner from intsig.com

စံပြုဗုဒ္ဓဝင်အတွဲ (၀၀၆၁)

# ယသော်ဓရာ

(ပန်းချီရုပ်စုံ)

कुशीनारा साहित्य सदन
22—डी० सुड़िया कुआँ, बशारतपुर, गोरखपुर
मो०नं०—09335847523

ဗော့ဒ္ဓါစရိယ ရှန်တိ ဆွာရူပ ဗော့ဒ္ဓ

Generated by CamScanner from intsig.com

First Burmese Edition: 2013 (Buddhist Era 2557)
မြန်မာဘာသာဖြင့် ပထမအကြိမ်ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်။
သာသနာ သက္ကရာဇ် ၂၅၅၇။

Publisher: SAMYAK PRAKASHAN
32/3, Paschimpuri, New Delhi – 110063
Phone: 9810249452, 9818390161
Email: budhdharam@bol.net.in
Web: www.samyakprakashan.in

© All rights reserved

**Price: Rs. 50**
**တန်ဖိုး - (၅၀) ရူပီး**

Title : **YASODHARA**
Writer : Shanti Swaroop Baudh
Burmese : Zeya Tun (Burmese Wing), SAMYAK PRAKASHAN
Computer & Design Setting : Nyi Lin

Printers: Gautam Printers. New Delhi - 63

# "ထုတ်ဝေသူ၏အမှာ"

ယသောဓရာမှာ သိဒ္ဓတ္ထဂေါတမ၏ ကြင်ယာတော် ဖြစ်၏။ ဗုဒ္ဓစာပေ တခုလုံး၌ ယသောဓရာ၏ စာရိတ္တ (အခန်းကဏ္ဍ)မှာ အလွန်အရေးပါ၍ မွန်မြတ်သည့်အဆင့်၌ ပါဝင်နေကြောင်း တွေ့ရှိနိုင်ပါသည်။ ယသောဓရာ၏ ဘဝ ဖြစ်စဉ်မှာ စံထားစရာ ဖြစ်နေပါသည်။

သို့ပေငြားလည်း ပတိကိရိယာဝါဒီ(ဝိရောဓိ)စာပေပညာရှင်များက ယသောဓရာ၏ ဘဝဖြစ်စဉ် အကြောင်းအရာများကို ရေးသားဖော်ပြရာ၌ လုံးဝ တရာမျှတမှုကို မပြသခဲ့ကြပါ။ ၄င်းတို့၏ ထိုသို့ ရေးသားဖော်ပြချက်များက ယသောဓရာ၏ ဂုဏ်ရည်များကို လျှော့နိမ့်သွားစေရန် ရေးသားဖော်ပြခြင်းမျိုးပင် ဖြစ်ကြောင်းကို ကျွန်ုပ် ရဲရဲပြောလိုပါသည်။ ယသောဓရာကိုယ်တိုင် ပြောခဲ့သည့် စကားနှင့်ပင် သက်သေယား သုံးသပ်စဉ်းစားသင့်ပေသည်။

"မောင်တော်ဘုရား လူအများ (ဗဟုဇန)တို့ အကျိုးကျေးဇူးဖြစ်နိုင်မည့် တရားများကို ရှာကြံရန်အတွက် တောထွက်သွားနေခြင်းကို နှမတော်မှ ကြည်ဖြူဝမ်းသာ ဖြစ်နေပါသည်။ မောင်တော်ဘုရားမှ မိမိရည်မှန်းချက် ပန်းတိုင်ကို အောင်မြင်စွာ ဆွတ်ခူးနိုင်ပါစေဟု နှမတော်မှ ဆုမွန်ကောင်းတောင်း လျက် မေတ္တာပို့သအပ်ပါသည်"

ထိုစကားမျိုးကို ပြောခဲ့သည့် ယသောဓရာမှာ အဘယ်သို့သော သတ္တိမျိုးနှင့် စွန့်လွှတ်မှုတို့ကို ပိုင်ဆိုင်ခဲ့သည့် မိန်းမသားမျိုးဖြစ်နိုင်သည်ကို တွက်ဆ စဉ်းစားပါက ရနိုင်ပါသည်။ ယသောဓရာမှာ ဤကဲ့သို့သော စွန့်လွှတ် ပေးဆပ်မှုတို့ကို မပြသခဲ့ပါလျှင် သိဒ္ဓတ္ထ၏ အားထုတ်ကြိုးစားမှုတို့အား အနှောင် အဖွဲ့တစုံတရာ ပြုခဲ့ပါက လောကီ၊ လောကုတ္တရာမှာ အများအကျိုးဆောင် တရားနည်းလမ်းတို့ကို ကျွန်ုပ်တို့ ကမ္ဘာ့လူသားများက မရရှိဘဲနေခဲ့မည် ဖြစ်သည်။ သို့ဖြစ်ပါလျှင် ယသောဓရာ၏ စာရိတ္တသည် အများအတွက် စံပြု ရမည်ဖြစ်ပါသည်။

ဉာဏ်ပညာထက်မြက်ရင့်ကျက်သည့်သူများ(ပရိုဗုဒ္ဓ)သည် ကျွန်ုပ်တို့ စာပေပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေသည့် စံပြုဗုဒ္ဓဝင်အမှတ် (၀၀၆၁)ကိုလည်း အခြားစာအုပ်များကဲ့သို့ပင် လေ့လာဖတ်ရှု အားပေးသွားကြပေလိမ့်မည်ဟု ယုံကြည်ပါသည်။

ဘဝတု သဗ္ဗမင်္ဂလံ

ထုတ်ဝေသူ

# ယသောဓရာ (ယသော်ဓရာ)

ရှင်တော်မြတ်ဗုဒ္ဓ၏ ဘဝသက်တမ်းအတွက် ယသောဓရာ၏ အရေးကြီးပုံက ကြီးမားသလို ဗုဒ္ဓစာပေလောကအတွက် သူမ၏ အရေးပါမှုက ပိုကြီးမားနေပါသည်။ သိဒ္ဓါတ္ထ ကုမာရမင်းသားသည် မင်းစည်းစိမ်နှင့် လောကီချမ်းသာများကို စွန့်ပယ်၍ ခပ်သိမ်းသော လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ အကျိုးငှါ ပြုလုပ်ခဲ့ရာတွင် ယသောဓရာ၏ စွန့်လွှတ်မှုများကို မည်သည့်နည်းဖြင့် လျှော့တွက်၍ မရနိုင်ပါ။ ဝမ်းမြောက်ဝမ်းသာဖြင့် မောင်တော် သိဒ္ဓါတ္ထအား လောကဟိတအကျိုးအတွက် အိမ်တော်ကို စွန့်ခွါသွားရန် သဘောတူ ခွင့်ပြုခဲ့သည့် ကြင်ယာတော်မှာ ယသောဓရာလို မိန်းမကောင်း မိန်းမမြတ်တို့ကသာ ပံ့ရဲခဲ့နိုင်သည်။

ပတိကြိယာဝါဒီ (ဝိရောဓိ) စာပေပညာရှင်တို့က ဗုဒ္ဓစာပေကို လေးလေးနက်နက် လေ့လာမှုမပြုဘဲနှင့် သိဒ္ဓါတ္ထမင်းသားက ညအမှောင်ရိပ်ခိုကာ တိတ်တဆိတ် နန်းတော်မှ ထွက်ခွါသွားခဲ့ကြောင်း ရေးသားဖော်ပြထားခြင်းတို့မှာ ယသောဓရာ ကဲ့သို့သော မိန်းမမြတ်၏ ဂုဏ်ကို စော်ကားခဲ့သည့် အရေးအသားဖော်ပြမှုမျိုးသာ ဖြစ်သည်။ ထိုအရေးအသားမျိုးက သိဒ္ဓါတ္ထဂေါတမ၏ စာရိတ္တဂုဏ်ကိုလည်း ထိပါးစေသည်။ ကြင်ယာတော် ယသောဓရာ၏ ကြီးမားသည့် စွန့်လွှတ်မှုတို့အား သင့်တော်သည့် တန်ဘိုးဖြတ်မှုကိုလည်း နိမ့်စေရာ ကျပါသည်။ ဖြစ်ရပ်အမှန်က လုံးလုံးလျားလျား ခြားနားခဲ့သည်။ သိဒ္ဓါတ္ထဂေါတမသည် ညအချိန် ယသောဓရာ အိပ်ပျော်နေခိုက် ၄င်းအား အသိမပေးဘဲ တိတ်တဆိတ် တောထွက်သွားခဲ့သည်ဟု တင်ပြမှုတို့က လုံးဝမှန်ကန်သည် မဟုတ်၊ သိဒ္ဓါတ္ထဂေါတမသည် နေ့အချိန်တွင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ ခွင့်ပန်ကာ တောထွက်ခဲ့ခြင်းဖြစ်သည်။ ထိုသက်ဆိုင်ရာ ပုဂ္ဂိုလ်ထုများအနက် ယသောဓရာလည်း တဦးအပါအဝင် ဖြစ်ခဲ့သည်။

ဤစာအုပ်ငယ်တွင် ထိုမြင့်မြတ်သော မိန်းမ (နာရီ)၏ အကြောင်းကို နက်နဲမှန်ကန်စွာ ရေးသားတင်ဆက်ထားသည့် ကျမ်းစာအုပ်မှ ဖော်ပြပေးသည့် အချက်အလက်များကို ခက်ရာခက်ဆစ် ရှာဖွေကာ ရေးသားဖော်ပြနေခြင်းဖြစ်သည်။

ပရာစိန (ရှေးဟောင်း) ဗုဒ္ဓစာပေကျမ်းများတွင် ယသောဓရာအား ရာဟုလ မာတာ(သို့မဟုတ်)ဂေါတမ ပတ္တနီ (ဂေါတမ ကြင်ယာ)အဖြစ် ဖော်ပြထားကြောင်း တွေ့ရှိရသည်။ အခြားနာမည်တခုမှာ ဘဒ္ဒါကစ္စာနာ ဟူ၍ ဖော်ပြ



ထားသည်။ နောက်ပိုင်းစာပေကျမ်းဂန်များ၌ ယသောဓရာ၊ ဂေါပါ၊ ဥတ္တလသန္နာ၊ ဗိမ္ဗာ ဒေဝီနှင့် ဗိမ္ဗာသုန္ဒရီ စသည့် နာမည်ဖြင့် ဖော်ပြထားကြောင်းကို တွေ့ရှိနိုင်ပါသည်။ သို့သော် သူမအား အများအားဖြင့် ယသောဓရာ အမည်ဖြင့်သာ ဖော်ပြထားကြသည်။ ထိုမျှများပြားသော အမည်နာမအနက် ဘဒ္ဒါကစ္စာနာ နာမည်မှာ ပို၍ သင့်တော် သည့်အမည်ဟု ထင်ရပါသည်။ သူမ၏ ကိုယ်ကာယသည် ဖြူစင်ပြီး ရွှေရောင်ကဲ့သို့ တောက်ပလှသည်။ ထို့ကြောင့် သူမအား ဘဒ္ဒါကစ္စာနာ (ရွှေရောင်တောက်ပသည့် ကိုယ်ခန္ဓာရှိသူ) ဟူ၍လည်း အမည်ပေးထားသည်။

ယသောဓရာမှာ ဒဏ္ဍာပါနီ အမည်ရှိသော ကောလိယမင်း၏ သမီးဖြစ်သည်။ ဒဏ္ဍာပါနီမှာ ရာမဂါမမည်သော ပြည်ထောင်တခုကို အုပ်စိုးရသော မင်းတပါး ဖြစ်ခဲ့သည်။ ရာမဂါမ ပြည်ထောင်သည် ကပိလဝတ္ထုပြည် ထောင်နှင့် ကပ်လျက်မှာ တည်ရှိခဲ့သည်။ ဒဏ္ဍာပါနီမင်း၏ မိဖုရားမှာ ကဆုန်လပြည့်နေ့တွင် ယသောဓရာကို မွေးဖွားခဲ့သည်။ ထိုကဆုန်ကပြည့်နေ့တွင် မင်းသား သိဒ္ဓါတ္ထ၊ ဆန္န (ဆန္န အမတ်)၊ ကာဠုဒါယီ (အမာတ္တယ)၊ အာဇာနီယ ဆင်မင်း၊ ကန္ထက မြင်းတို့လည်း မွေးဖွားခဲ့ကြောင်း ရှေးဟောင်း ဗုဒ္ဓစာပေကျမ်းဂန်တို့၌ ရေးသားဖော်ပြထားသည်။ ဗုဒ္ဓဂါယာရှိ မဟာဗောဓိပင်လည်း ထိုနေ့၌ပင် ပေါက်ခဲ့သည်ဟု ဆိုထားပါသည်။ ထိုအချက်အလက် အထောက်အထားများကို ထောက်ရှုကာဆိုပါလျှင် သိဒ္ဓတ္ထမင်းသားနှင့် ယသောဓရာတို့မှာ အသက်ချင်းတူကြသည်ဟု သတ်မှတ်ရမည် ဖြစ်သည်။

ကပိလဝတ္ထုနန်းတွင်းစည်းစိမ် အဆောင်အယောင်နှင့် ကောလိယမင်း ဒဏ္ဍာပါနီတို့၏ အဆောင်အယောင် စည်းစိမ်ချမ်းသာမှုတို့မှာ ခြားနားကွာခြားသော်လည်း၊ ဒဏ္ဍာပါနီမှာ သူလက်ဝယ်၌ ရွှေဒုတ်ကိုင်ထားလေ့ရှိသည့်အတွက် သူ့အား ဒဏ္ဍာပါနီဟု ခေါ်ကြသည်။ ဆိုလိုရင်းမှာ သမီး ယသောဓရာအား လိုလေသေးမရှိသည့် ပရဝဏ်တခု၌ ကျွေးမွေးပြုစုပျိုးထောင်ထားခဲ့သည်။

ယသောဓရာမှာ ငယ်စဉ်ကလေးဘဝကတည်းက အလွန်လှပချောမွေ့သော အဆင်းရှိခဲ့၏။ သူမသည် အဆင်းချောမောလှပသလောက် နှလုံးရည်ဂုဏ်တို့ကလည်း အလွန်တရာကောင်းမွန်လှသည်။ ယသောဓရာ၏ အသားအရောင်တို့မှာ ရွှေရောင်ကဲ့သို့ ဝင်းလဲ့လျက်ရှိ၏။ ဆံကေသာတို့မှာ နက်မှောင်၍ အဖျားပိုင်းတွင် ကောက်လိမ်၍ ရှိသဖြင့် အလွန်လှပတင့်တယ်ပြီး ရှုမောဖွယ်ရာကောင်းနေသည်။ မိန်းမသားများ၏ အလှဂုဏ်ကို မြှင့်တင်ပေါင်းကူးပေးရန်

Generated by CamScanner from intsig.com

ငှင်းတို့၏ ဆံကေသာများက အရေးပါသည့်အလျောက် ယသောဓရာ၏ ရှည်လျားသည့် ဆံကေသာသည် သူမ၏ အလှဂုဏ်ရည်ကို ပိုမိုမြှင့်တင်ပေးသည်။ သူမသည် လမ်းလျှောက်လျှင် ဣန္ဒြေရှိရှိ ဖြေးညှင်းစွာ လျှောက်တတ်၏။ သူမ၏လမ်းလျှောက်ပုံမှာ မက်မောဘွယ်ရာ ကောင်း၏။ အလှဂုဏ်၊ စာရိတ္တဂုဏ်တို့နှင့် ပြည့်စုံနေသော ယသောဓရာမှာ မိဖုရားတစ်ပါးဖြစ်နိုင်သည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံနေသူတစ်ဦး ဖြစ်သည်။



ပဇ္ဇာပတိ မှာ ယသောဓရာအား ငယ်စဉ်ကလေးဘဝကတည်းက အချစ်ကြီးခဲ့သည်



ပဇ္ဇာပတိ ဂေါတမီမှာ ယသောဓရာပေါ် သဘောကျခဲ့သည်မှာ ကြာခဲ့ပါပြီ။ ပဇ္ဇာပတိမှာ ယသောဓရာကို ချွေးမတော်အဖြစ် တော်စပ်ချင်ခဲ့သည်မှာ အချိန်အတော်ကြာကတည်းကပင် ဖြစ်သည်။ နုပျိုသည့် ယသောဓရာမှာ အရွယ် ရောက်လာသောအခါ တုပခြင်းကင်းမဲ့နေသည့် အလှကညာတစ်ဦး အဖြစ် ဖြစ်ထွန်းလာခဲ့သည်။ ယသောဓရာ အသက် (၁၆)နှစ် အရွယ်ပြည့်လာသောအခါ ဖခမည်းတော် ဒဏ္ဍပါနိမှာလည်း သမီးတော်ကို စုလျားရစ်ပတ် အိမ်ထောင်ပြုပေးရန် စိတ်ဆန္ဒဖြစ်ပေါ်လာခဲ့သည်။

တဖက်မှာ ကပိလဝတ္ထုပြည် အိမ်ရှေ့မင်းသား သိဒ္ဓတ္ထ ဂေါတမနှင့် စပ်လျဉ်း၍ ဗေဒင်ပညာရှင်များက ထူးဆန်းသည့် ဟောပြောချက်များ ဟောထားသည်ကို အားလုံးသိရှိကြားဖူးထားခဲ့ပြီး ဖြစ်နေသည်။ သိဒ္ဓတ္ထ မင်းသားနှင့် ပတ်သက်၍ ပညာရှင်တို့မှ ကြိုတင်ဟောကိန်းထုတ်ထားသည့်အချက်များကို တွေးတော၍ ဖခမည်းတော် ကပိလဝတ္ထုပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးမှာ အစဉ်သဖြင့် စိတ်ပူပန်လျက်ရှိခဲ့သည့် အားလျော်စွာ တပါးတည်းသော အိမ်ရှေ့လျာကို လောကီကိစ္စအဝဝ၌ ချည်နှောင်ထားရန် အစဉ်သဖြင့် ကြိုးစားအားထုတ်ခဲ့သည်။ လောကီ ကာမဂုဏ်၌ ပျော်မွေ့ဘွယ်ရာ ဖြစ်စေသည့် အဆောင်အယောင် အားလုံးတို့ကို သားတော်အတွက် သေချာလုပ်ပေးထားခဲ့သည်။ ဥတုသုံးပါးနှင့် လိုက်လျောညီထွေသည့် နန်းဆောင်များ၊ အတီးအမှုတ်ဖြင့် ဖျော်ဖြေမှုတို့ အတွက် ပြည့်ပြည့်စုံစုံ လုပ်ပေးထားခဲ့သည်။ စိတ်ကြည်နူးဖွယ်ရာ ဖြစ်စေသည့် ပန်းမာလာတို့ဖြင့် ပြည့်နေသည့် ဥယျာဉ်မျိုးကိုလည်း ပျိုးထောင်တည်ထားပေးခဲ့သည်။ သို့သော် သိဒ္ဓတ္ထမင်းသားမှာ ထိုလောကီ စည်းစိမ်များအကြားလုံးဝပျော်မွေ့ခြင်းမရှိသဖြင့် ဖခမည်းတော်မင်းကြီးမှာ ကြံစည်ရာမရသည့် အခြေအနေမျိုး၌ ပူပန်ခဲ့ရသည်။

ထုံးတမ်းစဉ်လာအရ နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည့် ပွဲတော်ဟာရပ်ကို ကျင်းပရန် သုဒ္ဓေါဒန မင်းကြီးမှာ စီစဉ်ခဲ့ရာ နီးစပ်ရာနိုင်ငံများမှ မင်းသား မင်းသမီး၊ အလှကညာပျိုတို့လာရောက်တက်ကြပါရန် ဖိတ်မန့်ထက ပြုခဲ့သည်။ ပွဲတော်အပြီး၌ တက်ရောက်လာကြသည့် မင်းသား၊ မင်းသမီးတို့အား အိမ်ရှေ့ မင်းသား သိဒ္ဓတ္ထမှ ဆုလက်ဆောင် ပစ္စည်းအသီးသီး ပေးကမ်းသွားရန် အစီအစဉ်တခုလည်း ပါဝင်ခဲ့သည်။ ပွဲတော်အစီအစဉ်တွင် ပါဝင်တက်ရောက်ခဲ့ကြသော မင်းသား၊ မင်းသမီးအသီးသီးတို့မှာ အိမ်ရှေ့မင်းသား (ယုဝရာဇာ) သိဒ္ဓတ္ထထံမှ ဆုလဒ်ပစ္စည်းများရရှိ၍ ဆင်၊ မြင်း၊ ရထားတို့ကိုစီးကာ အသီးသီး

ထွက်ခွာသွားကြလေတော့သည်။ နောက်ဆုံး၌ ယသောဓရာအလှည့် ကျရောက်လာသောအခါ မင်းသမီးမှာ ယုဝရာဇာ သိဒ္ဓါတ္ထရှေ့မှောက်တွင် လာရောက်ရပ်လေတော့သည်။ သိဒ္ဓါတ္ထ ရှေ့မှောက်တွင် မတ်တပ်ရပ်နေသော မင်းသမီး ယသောဓရာအား ပေးကမ်းရန် အဘယ်ပစ္စည်းလက်ဆောင်မျှ မကျန်ဖြစ်နေလေသည်။ ထိုအဖြစ်ကို မြင်တွေ့သော ယသောဓရာမှာ ချိုသာသည့် အသံဖြင့် ဤသို့ဆိုလေသည်။




*သိဒ္ဓါတ္ထထံမှ ဆုလာဘ်ယူရန် တက်ရောက်လာသည့် ယသောဓရာ။*

*"အရှင်မင်းသား၊ ညီမတော်လည်း၊ ဖိတ်မန်တကပြုခံရ၍ ပွဲတော်သို့ တက်ရောက်ခဲ့ရသည် မဟုတ်ပါလား။"* ထိုစကားကိုကြားလျှင် ယုဝရာဇာ သိဒ္ဓါတ္ထမှာ ဟေမ (ရွှေ)တို့ဖြင့် ပြုလုပ်ထားသော (အသောက)အရွက်တချပ်ကို ယသောဓရာအား လက်ဆောင် ပစ္စည်းအဖြစ် ပေးတော်မူခဲ့သည်။ ထိုလက်ဆောင်



ပစ္စည်းနှင့်အတူ မင်းသားဝတ်ဆင်ထားသည့် သူ့လက်ဝတ်ရတနာကိုလည်း ချွတ်၍ ပေးရန်ပြုခဲ့၏။ ထိုအဖြစ်ကိုမြင်၍ ယသောဓရာမှာ ဤသို့ဆိုပြန်၏။ *"နေပါစေအုံး အရှင်မင်းသား၊ အချိန်ကျလာရင် ညီမတော်မှာ ဤလက်ဝတ်တော်ကို လက်ခံယူလိမ့်မည်။"*

ယသောဓရာ၏ ထိုချိုသာသော အသံတို့ကိုကြား၍ မင်းသား၏ စိတ်နှလုံးတို့မှာ ရွှင်ပြုံးလာခဲ့လေတော့သည်။ မင်းသား သိဒ္ဓါတ္ထမှာ ယသောဓရာအား ကြိုက်နှစ်သက်ပြီး ချစ်ခင်မြတ်နိုးလာခဲ့သည်။



*အိမ်ရှေ့မင်းသား သိဒ္ဓါတ္ထအား သွယံဝရ (ကြင်ယာတော်ရွေးချယ်ပွဲ)သို့ စေလွှတ်ရန် သုဒ္ဓိုဒနမင်းကြီးနှင့် မိဖုရားကြီး ဂေါတမီတို့ တိုင်ပင်ဆွေးနွေးကြသည်။*

Generated by CamScanner from intsig.com

ကပိလဝတ္ထုပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးသည် အိမ်ရှေ့မင်းသား သိဒ္ဓါတ္ထကို ဒဏ္ဍပါနိမင်း၏ သမီးတော် ယသောဓရာနှင့် အိမ်ထောင်ပြုပေးလိုသည့် စိတ်ဖြင့် ကမ်းလှမ်းသည့် သဝဏ်လွှာ ပေးပို့ကမ်းလှမ်းခဲ့၏။ သို့သော် ဒဏ္ဍပါနိမင်း၏ သမီးတော် ယသောဓရာ၏ လက်ကို ရယူရန်အလို့ငှါ ထိုခေတ်ထိုအခါ ထုံးတမ်းစဉ်လာအရ "ကြင်ယာတော်ရွေးပွဲ" တရပ်တွင် ပါဝင်ကာ မိမိ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းအားတို့ကို ပြသရန် လိုအပ်ပေသည်။



သုဒ္ဓေါဒနနှင့် ဒဏ္ဍပါနိ။

သို့ဖြစ်၍ ဒဏ္ဍပါနိမင်းကြီးမှာ သမီးတော် ယသောဓရာအား ခုလျှားရစ်ပတ် အိမ်ထောင်ပြုပေးရန် ထုံးတမ်း စဉ်လာနှင့်အညီ "သွယံဝရ" ခေါ် "ကြင်ယာတော် ရွေးပွဲ"တရပ်ကို မိမိနန်းစိုက်ရာ ရာမဂါမမြို့တော်တွင်



ခင်းကျင်းခဲ့လေသည်။ အိမ်နားနီးချင်း နိုင်ငံများမှ ယုဝ မင်းသားပျိုတို့အား ထိုပွဲတော်သို့ တက်ရောက်ပါဝင်ကြရန် ဖိတ်မန်တက ပြုခဲ့၏။ နီးစပ်ရာနိုင်ငံများမှ မင်းညီမင်းသားတို့က ယသောဓရာ၏ အလှဂုဏ်နှင့် အခြားဂုဏ်ရည်များကို ကောင်းစွာ ကြားဖူးနားဝ ရှိကြကုန်သည်။ ယသောဓရာကို ကြင်ယာဇနီးအဖြစ် မြှောက်စားလို့သည့် မင်းသားဦးရေမှာ မနည်းလှချေ။



သား သိဒ္ဓါတ္ထနှင့် မိထွေးတော် ဂေါတမီ။

သို့ဖြစ်၍ မင်းသားအသီးသီးတို့မှာ ဒဏ္ဍပါနိမင်း၏ ဖိတ်ကြားချက်ကို လက်ခံ၍ ယင်း "သွယံဝရ"ပွဲသို့ တက်ရောက်လာကြမည်ဟု အကြောင်းပြန်ကြားထားခဲ့ကြသည်။ ထိုဖိတ်ကြားလွှာတစ်စောင်ကို ကပိလဝတ္ထုပြည်၏ ယုဝရာဇာ (အိမ်ရှေ့မင်းသား) သိဒ္ဓါတ္ထအားလည်း ပေးပို့ထားသည်။ သို့ဖြစ်ပါ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော် ပဇာပတိ ဂေါတမီတို့က သားတော်

Generated by CamScanner from intsig.com

မင်းသားအား ထိုပွဲတော်သို့ တက်ရောက်ပါဝင်ပြီး ယသောဓရာကို ရအောင် ပြိုင်ပွဲဝင် အနိုင်ယူရန် တိုက်တွန်းနိုးဆော်ခဲ့ကြသည်။ မိထွေးတော် ဂေါတမီက သားတော် မင်းသားအား တောင်းပန်သည့်အသံဖြင့် ဤသို့ဆိုခဲ့၏။

"ချစ်လှစွာသော သားတော်မင်းသား ဒီအခွင့်အရေးကိုတော့ လက်မလွှတ်စေနဲ့နော်၊ ပြိုင်ပွဲကို အနိုင်ယှဉ်ပြိုင်ပြီး ယသောဓရာကို ရအောင် အိမ်ထောင်ပြုပြီး ကပိလဝတ္ထု နန်းတွင်းကို ခေါ်လာခဲ့ပါ။" "မိခင်မှာ ယသောဓရာကို ချွေးမတော်အဖြစ် မြင်ချင်ပါတယ်။ သားတော်မင်းသားမှာ မိခင်စိတ်ပျက်အောင် လုပ်မှာမဟုတ်ဘူး ဆိုတာကို မိခင်ယုံကြည်ပါရစေနော်"

သိဒ္ဓတ္ထမင်းသားမှာ မိဘများ၏ စိတ်ဆန္ဒကို သိရှိပြီး၊ ၎င်းတို့အား ခွင့်ပန်လျက် ဒဏ္ဍပါနီမင်း ခင်းကျင်းထားသည့် ပွဲတော်သို့ ပါဝင်ရန် ရာမဂါမမြို့သို့ ထွက်ခွါသွားခဲ့သည်။ သိဒ္ဓတ္ထမင်းသား၏ ယင်းဆုံးဖြတ်ချက်ကို ကြားသိ၍ ကပိလဝတ္ထု နန်းတွင်းမှ အားလုံးသော သူများသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြခဲ့သည်။

ထို "ကြင်ယာတော်ရွေးပွဲ"အခမ်းအနားတွင် မင်းနိုင်ငံပေါင်း အတော်များများမှ မင်းညီမင်းသားများ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။ ဒေဝဒတ်မှာလည်း တက်ရောက်ခဲ့ကြသည့် မင်းသားများအနက် တဦးအပါအဝင် ဖြစ်ခဲ့သည်။ ထိုပွဲတော်သို့ တက်ရောက်ခဲ့ကြသော မင်းသားများထဲမှ ယသောဓရာသည် သိဒ္ဓတ္ထမင်းသားအား မိမိကြိုက်နှစ်သက်သည့် ခင်ပွန်းယောကျ်ားအဖြစ် ရွေးချယ်ခဲ့ပါသည်။ ယသောဓရာ၏ ထိုအပြုအမူကို မြင်တွေ့၍ ပွဲတော်သို့ တက်ရောက်လာခဲ့ကြသော မင်းညီမင်းသားအပေါင်းအတော်များများမှ မကျေမနပ် ဖြစ်လာခဲ့ ကြသည်။

"သွယံဝရ – ကြင်ယာတော်ရွေးချယ်ပွဲ"သို့ ခေါ်ထားခဲ့လျှင် ပွဲတော်ကို ထုံတမ်းစဉ်လာနှင့်အညီသာ ကျင်းပသွားရမည်ဖြစ်သည်" ယှဉ်ပြိုင်မှုမရှိဘဲနှင့် ယခုကဲ့သို့ မိမိဆန္ဒသက်သက်ဖြင့် ယသောဓရာမှ သိဒ္ဓတ္ထအား သူ့ခင်ပွန်းယောကျ်ားအဖြစ် ရွေးချယ်သွားလို့ မဖြစ်နိုင်ပါဘူး" ဒီလိုလုပ်သွားတာဟာ ငါတို့ အားလုံးကို စော်ကား တာနဲ့ တူနေပါတယ်"ဟု၍ အော်ဟစ်ဆူညံ ပြောဆိုခဲ့ကြ၏။

ဖခမည်းတော် မင်းဒဏ္ဍပါနီမှာလည်း သမီးတော် ယသောဓရာ၏ ဆုံးဖြတ်ချက်ကို အားမလိုအားမရ ဖြစ်ခဲ့ရသည်။ ဒဏ္ဍပါနီမှာ သိဒ္ဓတ္ထမင်းသား၏ သဘော သဘာဝကိုလည်း ကောင်းမွန်စွာ သိရှိနားလည်ထားသူ တစ်ဦးဖြစ်သည်။ သိဒ္ဓတ္ထမင်းသား၏ တဦးတည်းနေလိုမှုကို မင်းကြီးက စိုးရိမ်မှုရှိခဲ့သည်။




ဗေဒင်လက္ခဏာပညာရှင် အသိတမုနိ (ရိက္ခိ)၏ သိဒ္ဓတ္ထမင်းသားနှင့် ပတ်သက်၍ ဟောကိန်းကိုလည်း မင်းကြီးက သိထားခဲ့သည်။ ထို့ကြောင့် သမီးတော် ယသောဓရာမှာ သိဒ္ဓတ္ထမင်းသားနှင့် အိမ်ထောင်ကျပါက ၎င်းတို့၏ အိမ်ထောင်ရေး ဘဝသည် သာယာမှု ရှိနိုင်ပါ့မလား စသည့်အတွေးတို့က သူ့အား စိတ်ပူပန်မှု ဖြစ်စေခဲ့သည်။ သိဒ္ဓတ္ထမင်းသားမှာ သူတော်စင်၊ သူတော်မြတ်တို့နှင့် ပေါင်းသင်း ဆက်ဆံခြင်းကိုသာ ပို၍ အရေးပေးတတ်သူ ဖြစ်၏။ သိဒ္ဓတ္ထမှာ ဂေဟာပတိ (အိမ်ထောင်ရှင်) ကောင်းတစ်ဦးဖြစ်ဖို့ရာ ခက်ခဲလိမ့်မည်ဟု သူက ယူဆခဲ့သည်။ ယသောဓရာကလည်း သူ့ဆုံးဖြတ်ချက် သူအတည်ကိုင်ထား၏။ သိဒ္ဓတ္ထမင်းသားကလွဲ၍ အခြားဘယ်သူနှင့်မျှ သူအိမ်ထောင်မပြုလိုကြောင်း အတိအလင်း ပြောဆိုလာခဲ့သည်။ ဖခမည်းတော်အား "သူတော်စင်၊ သူတော်မြတ်တို့နဲ့ ပေါင်းသင်း ဆက်ဆံနေထိုင် လိုမှုဟာ အပြစ်လား"ဟု မေးတော်မူသည်။ "သမီးအနေဖြင့် သူတော်စင် သူတော်မြတ်နှင့် ပေါင်းသင်းဆက်ဆံ နေထိုင်လိုမှုနှင့် အိမ်ထောင်ဘဝ သာယာချမ်းသာမှုတို့က တခြားစီပါ။ အဘယ်သို့မျှ ပါဝင်ပတ်သက်မှုမရှိကြောင်း သမီးယုံကြည်ပါသည်။ အိမ်ထောင်ရေးဘဝသာယာမှုအတွက် သူတော်စင်၊ သူတော်မြတ် တရားကျင့်ပုဂ္ဂိုလ်များမှာ မည်ကဲ့သို့မျှ အဟန့်အတား မဖြစ်စေနိုင်ပါကြောင်း ကျွန်မယုံကြည်ပါသည်။"

သိဒ္ဓတ္ထမင်းသားမှလွဲ၍ အဘယ်သူနှင့်မျှ အိမ်ထောင်မပြုလိုကြောင်း အတိအလင်း ပြောဆိုလာသော ယသောဓရာ၏ စကားတို့ကြောင့် ပွဲတော် ခင်းကျင်းမှု အစီအစဉ်မှာ များစွာရှုပ်ထွေးခက်ခဲလာခဲ့ရသည်။ အခြေအနေ၏ နက်နဲမှုကို မြင်တွေ့၍ ယသောဓရာ၏ မိခင် မိဖုရားကြီးသည် ရှေ့သို့ထွက်လာ၍ မင်းကြီး ဒဏ္ဍပါနီအား သမီးတော်၏ အလိုအတိုင်း လိုက်လျောလက်ခံပေးရန် လျှောက်ထားလာခဲ့သည်။ မိဖုရားမှာလည်း သမီးတော် ယသောဓရာ၏ အလိုကို လိုက်သွားသည်ကို သိမြင်ကာ ဒဏ္ဍပါနီမှာလည်း ယသောဓရာ၏ ဆုံးဖြတ်ချက်ကို လက်ခံသွားရန် သဘောတူလာခဲ့သည်။

ထိုအခြင်းအရာကို သိမြင်လာသော အခမ်းအနားရောက် မင်းညီမင်းသားတို့မှာ များစွာစိတ်ပျက်လာကြရာ "ငါတို့အား ယှဉ်ပြိုင်မှုအခမ်းအနားသို့ ဖိတ်မန့်တကပြု၍ ဤသို့စော်ကားလို့ မဖြစ်နိုင်ကြောင်း ရဲရဲဝံ့ဝံ့ပြောလာခဲ့ကြသည်။ ထုံးတမ်းစဉ်လာနှင့်အညီ ယှဉ်ပြိုင်မှု တစုံတရာ၏ ရလဒ်ကို ယသောဓရာမှ လက်ခံရမှာဖြစ်ကြောင်း အတိအလင်း ကြေငြာလာခဲ့ကြ၏။"

Generated by CamScanner from intsig.com

ပဋိပက္ခကြီးမားလာနိုင်သည့်အခြေအနေကို သိမြင်၍ ရာဇကုမာရ ဒေဝဒတ်သည် ရှေ့သို့တက်လာ၍ ဒဏ္ဍပါနိမင်းကြီးအား ဤသို့လျှောက်ထားခဲ့သည်။ "အရှင်မင်းကြီး ရှေးထုံးတမ်းစဉ်လာကို မပစ်ပယ်ရာလည်းဖြစ်၊ ညီတော်များအားလည်း လေးစားသည့်အနေဖြင့် ဤအခမ်းအနား၏ အောင်မြင်မှုကိုရှေ့ရှု၍ လေးအတတ် ကျွမ်းကျင်မှုကိုလည်း ပြသသည့်အနေဖြင့် "ပစ်မှတ်မှန်"ယှဉ်ပြိုင်ပွဲတရပ်ကို ကျင်းပသင့်ကြောင်း" လျှောက်ထားလာခဲ့သည်။



မင်းသားအပေါင်းတို့က သွယံဝရ ကျင်းပသွားရန် တောင်းဆိုလာခဲ့သည့်ပုံ။

ဒေဝဒတ်မင်းသား၏ လျှောက်ထားချက်များကို ကြားသိကာ ဒဏ္ဍပါနိမင်းမှာ အလွန်တရာ တွေဝေရမည့် အခြေအနေတရပ်သို့ ကျရောက်ခဲ့ရသည်။




လူမှုထုံးတမ်းစဉ်လာကို လေးစားလိုက်နာရမှာက တဖက်၊ သမီးတော်၏ ကိုယ်ပိုင် ဆန္ဒဆုံးဖြတ်ချက်ကတဖက်၊ အဘယ်ဟာကို ပစ်ပယ်ရပါမည်နည်းဟူ၍ မင်းကြီးမှာ စိတ်ဒွိဟ ဖြစ်နေခဲ့သည်။ ပေါ်ပေါက်လာသည့် အခြေအနေတရပ်ကို သိဒ္ဓတ္ထမင်းသားသည် နက်နဲတည်ငြိမ်စွာ စဉ်းစားလျက်ရှိခဲ့ရာ၊ ဖွားဖက်တော်လည်းဖြစ်၊ ယယ်သူငယ်ချင်းလည်းဖြစ်သော သူ၏ ရထားမှူး ဆန္နသည် ဂေါတမထံ ချဉ်းကပ် လာ၍ ဤသို့အကြံပြု ပြောဆိုခဲ့သည်။ "အရှင် အာရိယ၊ အဘယ်သို့သော အကြောင်းများကြောင့် ဝင်ပြိုင်ရမှာကို ရှောင်နေရပါလဲ၊ နက်နက်နဲနဲ တွေးကြည့် ပါအုံး၊ အရှင်က ယှဉ်ပြိုင်မှုကို ရှောင်ရှားသွားရင် အခမ်းအနားကို တက်ရောက်လာတဲ့ လူထုပရိသတ်က အရှင့်အား ဘယ်လိုမြင်သွားမှာလဲ၊ အရှင့်အားနည်းချက် တခုခုကြောင့် အရှင့်ရှောင်ရှားသွားခဲ့ရတာလို့ဘဲ ထင်မြင်ကြမှာပေါ့" "အရှင်မင်းသားမှာ ကိုယ်စွမ်း ဉာဏ်စွမ်းဖြင့် ယှဉ်ပြိုင်နိုင်ရဲသားနှင့် အဘယ်ကြောင့် ထိုင်နေရပါသလဲ"ဟု လာရောက် လျှောက်ထားခဲ့သည်။



ဆန္နနှင့် သိဒ္ဓါတ္ထတို့ တိုင်ပင်နေသည့်ပုံ။

Generated by CamScanner from intsig.com

သိဒ္ဓါတ္ထမင်းသားက ဖွားဖက်တော်ဖြစ်သူ ဆန္န၏ စကားကို တွေးတောကြည့်ခဲ့သည်။ ယှဉ်ပြိုင်မှုကို မဝင်လျှင် ငါတို့သကျခတ္တိယအနွယ်ဝင်တို့နှင့်အတူ ငါ့မိဘ၊ ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာကို ထိပါးစေမည့်အပြင် ယသောဓရာ၏ စိတ်ဆန္ဒကိုလည်း ဖြည့်စွက်ပေးရမည့် အခွင့်အလမ်းတို့လည်း ဆုံးရှုံးလိမ့်မည်။ ဤအခြေအနေမျိုးတွင် ငါ့အနေဖြင့် ဆန္န၏ အကြံပြုချက်ကို လိုက်နာသင့်သည်ဟု စိတ်ဆုံးဖြတ်ကာ ထိုင်ရာမှ ထလာခဲ့သည်။



မြင်းရိုင်းက သိဒ္ဓါတ္ထအား မြင်လျှင်မြင်ချင်း ဦးညွှတ်ကာ ခြေရင်းသို့ ရောက်ရှိလာသည်။



ယှဉ်ပြိုင်မှုစခဲ့ပြီ၊ သိဒ္ဓါတ္ထ၏အလှည့် နောက်ဆုံး၌ ရောက်လာခဲ့သည်။ သမာဓိလူကြီးများအဖြစ် အာစရိယ ဝိသွမိတ္တရ၊ အာစရိယ အာဇ္ဈုနနှင့် မဟာရာဇာ သုဒ္ဓေါဒနတို့မှ သမာဓိလူကြီးများအဖြစ် တာဝန်ယူဆောင်ရွက် ခဲ့ကြသည်။

ထုံးတမ်းစဉ်လာအရ "သွယံဝရ"ခေါ် ထိုပွဲတော်များ၌ တက်ရောက်ပါဝင်ခွင့်ရှိသော မင်းညီမင်းသားအပေါင်းတို့က ကိုယ်စွမ်းရည်နှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရပါသည်။ ကိုယ်စွမ်းရည်ကို စမ်းသပ်ရန် ပြိုင်ပွဲဝင်သူများက မြင်းစီး အတတ်၊ ဓါး၊ လှံ၊ လေးမြှားအတတ်တို့တွင် မိမိတို့ အစွမ်းအစများကို ပြသရ၏။ ဉာဏ်စွမ်းရည်အစွမ်းအစများတွင် စာပေကျမ်းဂန်၊ အနုပညာ၊ ဗေဒင်၊ သမိုင်း၊ သံခယ၊ ယောဂ၊ ဗျာကရုဏ်၊ ဟေတု ပညာ စသည့်အဋ္ဌရသပညာရပ်ဆယ်ရှစ်မျိုးတွင် စမ်းသပ်ခံရန် ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရပါသည်။ ထိုယှဉ်ပြိုင်မှု နှစ်မျိုးနှစ်စားတွင် သိဒ္ဓါတ္ထမင်းသားက ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့သည်။ မြင်းစီးအတတ်ပြိုင်ပွဲတွင် အံ့ဩစရာဖြစ်သည့် အဖြစ်အပျက်တခုကို တွေ့ကြုံခဲ့ရသည်။ ပြိုင်ပွဲဝင် မည်သည့်မင်းညီမင်းသားတို့ကိုမျှ အစီးမခံခဲ့သည့် ထိုမြင်းသည် သိဒ္ဓါတ္ထအလှည့်ကျမှ ဦးခေါင်းကို မင်းသား၏ ခြေရင်းအစုံ၌ ငြိမ့်၍ ငြိမ်သက်စွာ ရပ်လာခဲ့ကြောင်း ပွဲကြည့်ပရိသတ်အများက အံ့အားသင့်စွာ မြင်တွေ့ခဲ့ကြသည်။



ယသောဓရာမှ သိဒ္ဓါတ္ထအား ပန်းကုံးစွပ်ကာ ကြင်ယာတော်အဖြစ်ရွေးချယ်လိုက်ပုံ။

ယှဉ်ပြိုင်ပွဲအပြီးတွင် သမာဓိလူကြီးများနာယကဖြစ်သူ ရှင်ဝိသွမိတ္တရက ဘက်စုံယှဉ်ပြိုင်ပွဲများ၌ ကပိလဝတ္ထုပြည့်ရှင် အိမ်ရှေ့မင်းသား သိဒ္ဓါတ္ထ

Generated by CamScanner from intsig.com

ကုမာရမှ အထွဋ်အထိပ်နေရာ ရရှိကြောင်း (ဃောသနာ)ပြု ကြေငြာခဲ့သည်။ ထိုကြေညာချက်ကို ကြားသိရ၍ ပွဲကြည့်ပရိသတ်များ ဝမ်းသာအားရဖြစ်၍ "သိဒ္ဓတ္ထမင်းသား အောင်ပါစေသတည်း၊ အောင်ပါစေသတည်း" ဟု သာဓုခေါ် အနုမောဒနာ ပြုကြကုန်လေ၏။

သိဒ္ဓတ္ထမင်းသား၏ အောင်မြင်မှုကို ကြားသိကာ ယသောဓရာမှာ အတိုင်းအဆမရှိ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာခဲ့သည်။



မြေးမျက်နှာကို မမြင်ရသေး၍ သုဒ္ဓေါဒနမင်းနှင့် မိထွေးတော် ဂေါတမီတို့ ပူဆွေးနေကြပုံ။



မိမိလက်ထဲ၌ လှပစွာ သီကုံးထားသည့် ပန်းကုံးတခုကို ကိုင်စွဲကာ သဘင်မဏ္ဍပ်ဆောင်၏ အလယ်ဗဟိုသို့ လျှောက်လာခဲ့သည်။ နာယက လူကြီးမိဘပရိသတ်အများရှေ့မှောက်တွင် သိဒ္ဓတ္ထ ကုမာရအား ပန်းကုံးစွပ်ပေးပြီး မိမိဘဝကြင်ဖော် (ခင်ပွန်း)အဖြစ် ရွေးချယ်ခဲ့လေသည်။ ထိုရှုခင်းကို မြင်တွေ့က လူကြီးမိဘ၊ ပွဲကြည့် ယောကျ်ား၊ မိန်းမ၊ ခလေးသူငယ်၊ မောင်းမမိဿံအားလုံးတို့သည် ဝမ်းမြောက်ဝမ်းသာ တခဲနက် ဩဘာပေး သာဓုခေါ် အနုမောဒနပြုကြ လေတော့သည်။ ဝမ်းသာဆုံးကတော့ ယသောဓရာပင်။ သူမြတ်နိုးခဲ့သည့် သိဒ္ဓတ္ထအား လက်ထပ်ခွင့် ရခဲ့ပြီမဟုတ်လား။ ယခုဆိုလျှင် သကျအနွယ် ကပိလဝတ္ထုပြည်သူပြည်သား အားလုံးတို့သည် သိဒ္ဓတ္ထနှင့် ယသောဓရာကို အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံနေထိုင်ရသည်ကို မြင်တွေ့ သိရှိကြပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။ မိထွေးတော် ပဇာပတိ ဂေါတမီ တမ်းကမျှော်လင့်ခဲ့သည့် သူမ၏ အကြီးမားဆုံး လိုအင်ဆန္ဒပြည့်ဝလာခဲ့ပြီးဖြစ်၍ အတိုင်းထက်အလွန် ဝမ်းသာပီတိ ဖြစ်နေခဲ့ရပြီ။

ယသောဓရာတို့ ဇနီးမောင်နှံတို့သည် ပျော်ရွှင်စွာ မိမိတို့စံအိမ်များမှာ နေထိုင်ခဲ့ကြလေပြီ၊ ယခုဆိုလျှင် အိမ်တောင်သက်တမ်းမှာ ကိုးနှစ်ကျော် ဆယ်နှစ်နီးပါးရှိနေခဲ့ပါပြီ။

သို့သော်လည်း ယသောဓရာတို့ ဇနီးမောင်နှံမှာ သားသမီးရတနာ တစုံတယောက်မျှ မထွန်းကားခဲ့သည့်အဖြစ်ကို မြင်၍ ခမည်းတော်မင်းကြီး သုဒ္ဓေါဒနနှင့် မိထွေးတော် ပဇာပတိဂေါတမီ မိဖုရားတို့သည် စိတ်ပူပန်လာခဲ့ကြပြီ။ မိဖုရားကြီး ပဇာပတိ ဂေါတမီ၏ ညှိုးနွမ်းနေသည့် မျက်နှာထားကို ကြည့်မြင်ရ၍ သူ့ပူပန်စိုးရိမ် မှုများကို ယသောဓရာမှာလည်း စိတ်ခံစားမှုများ ဖြစ်လာရသည်။ သို့သော် ကံကြမ္မာ၏ လှည့်ကွက်ကို အဘယ်သို့ တတ်စွမ်းနိုင်ပါမည်နည်း။

ကပိလဝတ္ထု နန်းတွင်းမှာ အားလုံးမျှော်လင့်တောင့်တခဲ့သည့် ရက်ချိန်၊ နောက်ဆုံးတော့ ရောက်ရှိလာပြီ ဖြစ်သည်။ ယသောဓရာ သန္ဓေတည်နေသည့် အကြောင်းကို ကြားသိရပြီ၊ မင်းကြီး သုဒ္ဓေါဒနနှင့် ပဇာပတိ ဂေါတမီအပါအဝင် နန်းတွင်းသူ၊ နန်းတွင်းသားအားလုံးတို့ ဝမ်းမြောက်ဝမ်းသာဖြစ်လာခဲ့ကြသည်။

သုဒ္ဓေါဒနမင်းကြီးက ပြည်သူပြည်သားများအား ကျွေးမွေးသည့် အခမ်းအနား ပျော်ရွှင်မှုကို ဖော်ပြသည့် အတီးအမှုတ်၊ အကအခုန်စသည့် အခမ်းအနားများကို ကျင်းပပေးခဲ့ကြသည်။ မိဖုရား ပဇာပတိ ဂေါတမီမှာလည်း သူ့မောင်းမမိဿံတို့အား ဆုလာဘ်အမျိုးမျိုး၊ အဝတ်အစားအမျိုးမျိုးတို့ကို

Generated by CamScanner from intsig.com

ပေးအပ်လှူဒါန်းခဲ့သည်။ ဆင်းရဲနွမ်းပါးသည့် သူများအား စားဘွယ်သောက်ဘွယ်များနှင့် အဝတ်အစားစသည့် ပစ္စည်းပစ္စယတို့ကို သဒ္ဓါကြည်ဖြူစွာဖြင့် လှူဒါန်းခဲ့ကြသည်။


ဖြစ်ရပ်က ညတညတွင် ယသောဓရာမှ အိပ်မက်တခုကို မက်မြင်ခဲ့သည်။ အိပ်မက်၌ နွားလားဥသဘတစ်ကောင် ပြေးလွှားလာသည်ကို သူမမြင်မက်ခဲ့သည်။ နွားလားဥသဘ၏ ဦးခေါင်းတွင် အလွန်တောက်ပသည့် (မဏိ)ပတ္တမြား တစ်လုံးကို လှပတင့်တယ်စွာ ဆွဲထားကြောင်းကို သူမြင်မက်ရသည်။ ထိုနွားလားဥသဘသည် အလျင်ကြီးစွာ နန်းတွင်းဖက်သို့ ပြေးလာနေကြောင်း မြင်ရ၏။



ယသောဓရာ အိမ်မက်။



ယသောဓရာမှ ကြောက်လန့်၍ နန်းတွင်းတံခါးဝကို ပိတ်ပင်ရန် ကြိုးစားခဲ့သော်လည်း မရနိုင်ဘဲ နွားလားဥသဘသည် နန်းတွင်းသို့ ဝင်လာခဲ့သည်။ ယသောဓရာသည် ကြောက်လန့်၍ ချက်ချင်းနိုးလာခဲ့သည်။ "သတ်မှတ်ချိန်ရောက် နေပါပြီ" ဟုသော အသံတခုကို သူအံ့ဩစွာဖြင့် ကြားရလေသည်။ ယသောဓရာသည် သလွန်ပေါ်၌ နိုးကာထိုင်လျက် အတန်ကြာ သူမြင်မက်ခဲ့သည့် အိပ်မက်နှင့်စပ်လျဉ်း၍ တွေးတောနေခဲ့၏။ စဉ်းစားတွေးတော၍ ဘာမျှအဖြေမရှာနိုင်သည့် အဆုံးတွင် မောင်တော်မင်းသားအား နှိုးပြီး ဖြစ်ရပ်ကို ပြောပြလေသည်။ မကောင်းဆိုးဝါးတစုံတခု ဖြစ်လိမ့်မည်ဟု ထင်မြင်ကာ သူ့မျက်လုံးအိမ်မှ မျက်ရည်များ ရစ်ဝဲလာသည်။



မင်းချင်းယောက်ျားတစ်ဦးက ဝိုပါမှာ သားယောက်ျားတစ်ဦး၏ မျက်နှာမြင်လာရပြီဟု သိဒ္ဓါတ္ထအား သတင်းပေးပုံ။

Generated by CamScanner from intsig.com

သိဒ္ဓတ္ထမင်းသားမှ ယသောဓရာ၏ ထိုအဖြစ်ကို မြင်၍ "စိုးရိမ်ပူပင်ရန် ဘာမျှ မရှိပါ"ဟု ချွေးသိပ်ထားခဲ့သည်။ အချိန်အတန်ကြာ စဉ်းစားတွေးတောမှုတို့၏ လှိုင်းဂယက်တွင် ကျနေသည့် ယသောဓရာမှာ အိပ်ပျော်သွားရှာခဲ့သည်။



*ယသောဓရာ၊ ရာဟုလနှင့် သိဒ္ဓတ္ထ။*

တနေ့တွင် သိဒ္ဓတ္ထမင်းသားမှာ ပျော်ရွှင်မြူးကြွနေသည့် စိတ်နှလုံးတို့ဖြင့် ဥယျာဉ်တော်၌ လှည့်လည်၍ တနေကုန်နေထိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်ခြင်းမှာ ယသောဓရာ၏ မေတ္တာရပ်ခံချက်အရ ပြုလုပ်ခဲ့သည့် စီစဉ်မှု တရပ်ဖြစ်သည်။ ထိုဥယျာဉ်ငယ်၌ တည်ဆောက်ထားသည့် ရေအိုင်ငယ်၌ ရေချိုး ခဲ့သည်။ ကြည်လင်သန့်စင်သည့် ထိုရေအိုင်ငယ်တွင် ရေချိုးပြီး အဝတ်အစား



များဆင်ယင်ကာ စိတ်ကြည်လင်စွာ ကျောက်ပြားတခုပေါ်တွင် ထိုင်လျက်ရှိ နေရာ မင်းချင်းယောက်ျား တဦးပြေးလာပြီး အိမ်ရှေ့မင်းသမီးမှာ သားဦး ရတနာတဦး ဖွားမြင်တော်မူပြီဟု ဝမ်းသာအားရ သတင်းပေးခဲ့သည်။ သားရတ နာ မွေးဖွားသည့်သတင်းကိုကြား၍ ဂေါတမသည် ပြုံး၍ ရာဟုလ ပေါ်လာပြီဟု တီးတိုး ပြောမိလေ၏။



*အိမ်ရှေ့မင်းသားမှ နန်းတွင်းစည်းစိမ်တွင် မပျော်မွေ့ခြင်းကို ယသောဓရာ ပူပန်လာခဲ့သည့်ပုံ။*

အနက်မှာ– သိဒ္ဓတ္ထမှာ လမင်းပမာ အေးချမ်းသာယာမည်၊ သတ္တဝါ အပေါင်းတို့အား စိတ်ချမ်း မြေ့စေမည့် တစုံတရပ်သော တရားနိဗ္ဗာန်ကို ရှာဖွေရန် သံနိဋ္ဌာန်ချပြီးပြီ ဖြစ်သည်။ လဝန်းကို ရာဟု မျိုသဖြင့် လငပုပ်ဖမ်းသကဲ့သို့ လောကီရေးရာကိုစွန့်ကာ ပရမတ္ထကို ရှာဖွေရန် ဆုံးဖြတ်ထားပြီး သိဒ္ဓတ္ထ

Generated by CamScanner from intsig.com

လမင်းအား လောကီအနှောင်အဖွဲ့ တခုဖြစ်နိုင်သော ရာဟုလ ပေါ်လာပြီဟု ဆိုလိုခဲ့သည်။

ယသောဓရာမှာ သားဦးရတနာတစ်ဦး မွေးဖွားလာပြီ သတင်းကို ကြားလျှင်ကြားချင်း နန်းတော်ဝန်း တခုလုံး၌ အုတ်အုတ်သဲသဲဖြစ်လာပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လာကြလေသည်။ သုဒ္ဓေါဒနမင်းကြီးက သိဒ္ဓါတ္ထနှုတ်မှ ဦးဆုံးထွက်လာသည့် စကားကို ကောက်ယူလျက် သူ့မြေးအား ရာဟုလဟု အမည်တွင်ခဲ့သည်။ ထိုအချိန်က သိဒ္ဓါတ္ထမင်းသား၏ အသက်အရွယ်မှာ (၂၉)နှစ် ရှိနေခဲ့ပြီဖြစ်သည်။



သုဒ္ဓေါဒနမင်းကြီးနှင့် မိဖုရားတို့ကလည်း ပူပန်လာကြပုံ။



မြေးတော်မွေးဖွားလာသည်ကား သုဒ္ဓေါဒနမင်းကြီးအတွက် ဝမ်းသာမဆုံးသည့်အဖြစ် ဖြစ်နေသည်။ နန်းတွင်းနန်းပြင် နေရာအနှံ့မှာ ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြသည်ကတမျိုး၊ မရှိဆင်းရဲသားတို့အား စားဖွယ်သောက်ဖွယ် ပေးကမ်း လှူဒါန်းခဲ့ကြသည်က တဖုံဖြင့် ရက်သတ္တပေါင်း (၂)ပတ်ခန့် ကပိလဝတ္ထုပြည့်ရှင်မှာ အလုပ်များနေခဲ့သည်။

သို့သော် အသိတရိက္ခိ (ဗေဒင်ဆရာ)၏ ဗေဒင်ဟောကိန်းများကို အောက်မေ့သတိရတိုင်း၊ သုဒ္ဓေါဒနမင်းကြီးသည် မျက်နှာညှိုးနွမ်းကာ စိတ်ပျက်လာတတ်သည်။ မင်းကြီး၏ ထိုအဖြစ်ကို မြင်တွေ့ကာ မိဖုရား ပဇ္ဇာပတိ ဂေါတမီတို့မှာလည်း စိတ်ပူပန်လာရသည်။



ဥတုသုံးပါး စံနန်းဆောင် (၃)ဆောင်။

ဖခမည်းတော် မင်းကြီးနှင့် မိထွေးတော် ပဇ္ဇာပတိတို့မှာ သားတော် သိဒ္ဓါတ္ထမင်းသား၏ နေမှုထိုင်မှု၊ စိတ်ဝင်စားမှုတို့ကို ငယ်စဉ်ခလေး ဘဝကတည်းကပင် မြင်တွေ့နေရသဖြင့် သားတော် မင်းသားသည် လောကီစည်းစိမ်တွင် စွဲကပ်မက်မောနေစေရန် အမျိုးမျိုးအဖုံဖုံလုပ်ပေးထားသည်။ ဥတုသုံးပါးနှင့် လိုက်လျောညီထွေမှုရှိနိုင်သည့် မင်းသားစံအိမ်တော် (၃)ခုတို့ကို တည်ဆောက်ပေးထားသည်။ ပျော်ပါးနိုင်စေရန်အတွက် အပျိုတော်အများအပြားကိုလည်း ခြံရံထားခဲ့သည်။ သို့သော် မင်းသား သိဒ္ဓါတ္ထမှာ ထိုအရာများကို လုံးဝ စိတ်ဝင်စားမှုမရှိခဲ့ပေ။

Generated by CamScanner from intsig.com



*သိဒ္ဓါတ္ထမှာ သကျသံဃဝင်အဖြစ် ခံယူသည့်ပုံ။*

ယသောဓရာမှာလည်း သိသိမြင်မြင်နှင့် ထိုအဆောင်အယောင်များကို သဘောထားကြီးကြီးနှင့် ခွင့်လွှတ်ထားခဲ့သည်။ နန်းတွင်းစည်းစိမ်နှင့် အပျော်အပါး အတွက် အဘယ်စီစဉ်မှုတို့ကမျှ မင်းသား၏ စိတ်ဆန္ဒကို မဆွဲဆောင်နိုင်သည်ကို ယသောဓရာမှာ တဆင့်သိလာခဲ့၍ သုဒ္ဓေါဒနမင်းကြီးနှင့် ပဇ္ဇာပတိတို့မှာ အကြီးအကျယ် စိုးရိမ်မှုဖြစ်လာခဲ့ကြသည်။

မိဖုရား ပဇ္ဇာပတိက ယသောဓရာအား စိုးရိမ်မနေဖို့ မှာကြားလိုက်သော်လည်း ယသောဓရာ၏ စိုးရိမ်မှု များကို မင်းကြီးအား အသိပေးတင်ပြလာသည့်အခါ မင်းကြီးမှာလည်း အလွန်စိုးရိမ်ပူပန်လာခဲ့ရသည်။ ခင်ပွန်းသည် သိဒ္ဓါတ္ထမင်းသားအား လောကီရေးရာတို့၌ ချုပ်နှောင်ထားရန် နန်းတော်ဘက် လုပ်သမျှ အစီ



အစဉ်များကို ယသောဓရာမှ မနှစ်ခြိုက်၊ မနှစ်မြို့သော်လည်း မည်သို့မျှပြန် မပြော။ အဘယ့်ကြောင့်ဆိုသော် သူမမှာလည်း ခင်းပွန်းသည်အား လက်လွှတ် ဆုံးရှုံးခံရမှာကို စိုးရိမ်ခဲ့သည်။



*အမတ်ချုပ်ကြီးမှ သိဒ္ဓါတ္ထအား သကျသံဃ၏ အမိန့်ကိုပြောပြသည်။*

အသက်နှစ်ဆယ်ပြည့်ပြီးသည့်အရွယ်၌ သိဒ္ဓါတ္ထမင်းသားအား (သကျသံဃ) သကျတို့၏ အမြင့်ဆုံးကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပေးအပ်ခံခဲ့ရသည်။ ထိုသို့ အဖွဲ့ဝင်အဖြစ် သတ်မှတ်ခံရပြီးမှသာ သကျဂဏနိုင်ငံ အနာဂါတ် ဥသျှောင် မင်းအဖြစ် ဆက်ခံယူခွင့်ရှိရကြောင်း သာကီဝင်တို့၏ ထုံးတမ်းစဉ်လာ တရပ် ဖြစ်ခဲ့သည်။

Generated by CamScanner from intsig.com

ရောဟိဏီမြစ်ရေကို ဝေငှသုံးစွဲမှုနှင့် စပ်လျဉ်း၍ အိမ်နီးနားချင်းဖြစ်သည့် ကောလိယမင်းတို့နှင့် သကျမင်းတို့အကြား မကြာခဏ အချင်းဖြစ်ပွားတတ်သည်။ ယခုတဖန် မြစ်ရေနှင့်စပ်လျဉ်း၍ ကြီးစွာအချင်း ဖြစ်ပွားလာသည်။ ထိုအခြေအနေသည် ကောလိယအနွယ်ဖြစ်သည့် ယသောဓရာအတွက် စိတ်ပူပန်စရာ အကြောင်းတစ်ရပ် တိုးလာခဲ့ပြန်သည်။ သကျဂဏပရိသဒ်၊ သကျအုပ်ချုပ်မှု၏ အမြင့်ဆုံးအာဏာပိုင် (ဝန်ကြီးအဖွဲ့)က ရောဟိဏီမြစ်ရေ ပြဿနာကို ကောလိယတို့အား စစ်ကြေငြာပြီး အပြီးသတ်ဖြေရှင်းယူရန် ဆုံးဖြတ်ခဲ့ကြသည်။



နန်းတွင်းမှ ထွက်ခွာရန် ခွင့်ပန်နေသည့်ပုံ။



(သကျသံဃ) သကျကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ သိဒ္ဓါတ္ထမင်းသားက ယင်းဆုံးဖြတ်ချက်အား သဘောမတူ အကြီးအကျယ် ကန့်ကွက်ပြောဆိုခဲ့သည်။ သိဒ္ဓါတ္ထဂေါတမက "*စစ်ပွဲ၍ မည်သည့် ပဋိပက္ခ၊ မည်သည့် ပြဿနာကိုမျှ ဖြေရှင်း၍ မဖြစ်နိုင်၊ စစ်ပွဲများသည် နောက်ထပ်စစ်ပွဲများကိုသာ မွေးထုတ်ပေးတတ်သည်။ ရောဟိဏီ မြစ်ရေ ပြဿနာကို အချင်းချင်း စကားပြောဆိုခြင်းဖြင့် ဖြေရှင်းသွားသင့်သည်*" ဟု ပြောဆိုခဲ့သည်။

သကျကောင်စီ၏ အမတ်ချုပ်ကြီးက သိဒ္ဓါတ္ထဂေါတမ၏ ထိုအဆိုကို သဘောမကျ၊ လက်ခံနိုင်စရာ အကြောင်းမရှိဟု ပြန်လည်တုံ့ပြန်ခဲ့သည်။ သိဒ္ဓါတ္ထဂေါတမ၏ အကြံပြု ပြောဆိုတင်ပြမှုများသည် သူရဲဘောကြောင်နေသူ၏ စကားဖြစ်နေသည့်အပြင် နိုင်ငံတော်၏ အကျိုးကျေးဇူးကို ဥပေက္ခာပြုရာလည်း ကျပါ၏ဟုဆိုကာ သိဒ္ဓါတ္ထအား စွပ်စွဲလာခဲ့သည်။



ယသောဓရာနှင့် သိဒ္ဓါတ္ထတို့ တိုင်ပင်နေပုံ။

ကိုယ့်နိုင်ငံ၏ အကျိုးကျေးဇူးကို ဥပေက္ခာပြုသည့် မင်းသားကို နိုင်ငံတော်မှ ထွက်ခွာသွားသင့်သည်ဟု အမတ်ချုပ်ကြီးစကားကို သကျသံဃမှ အတည်ပြုခဲ့ကြလေသည်။ သကျသံဃ၏ အမိန့်အာဏာကို သုဒ္ဓေါဒနမင်းမြတ်ကလည်း ပြောင်းပစ်ရန် မဖြစ်နိုင်။

သကျသံဃ၏ ထိုဆုံးဖြတ်ချက်ကို ကြားသိပြီး ယသောဓရာမှာ ရုတ်တရက် ကြံစည်ရာမရ ဖြစ်ခဲ့ရသည်။ သို့သော် ထိုအခြေအနေမျိုးတွင် သူမသည် သိဒ္ဓတ္ထအား တိုင်ပင်ဆွေးနွေးမှု တစုံတရာမပြုဘဲ၊ မည်သို့ ပြောဆိုရန် စိတ်ပိုင်းဖြတ်ခြင်းတို့ကို မပြုလုပ်ခြင်းသည် သင့်တော်လိမ့်မည်ဟု စဉ်းစားတွေးတောခဲ့သည်။


သိဒ္ဓတ္ထဂေါတမက ဖခမည်းတော်မင်းကြီးနှင့် မိထွေးတော် ပဇာပတိဂေါတမီတို့အား အတန်ကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။ မိဘများက မင်းသားအား အမျိုးမျိုးဆင်ခြင်ပြောဆိုကာ တားဆီးရန် ကြိုးစားခဲ့ကြသော်လည်း ၎င်းတို့အလိုအတိုင်း ဖြစ်လာဖို့ ခက်ခဲလှသည်ဟု သဘောပေါက်ခဲ့ကြလေသည်။ ထို့နောက် သိဒ္ဓတ္ထသည် ယသောဓရာ၏စံအိမ်တော်သို့ ဝင်သွားခဲ့သည်။ ယသောဓရာကို မြင်လိုက်သည့်အခါ သိဒ္ဓတ္ထ၏ နှုတ်မှ စကားတလုံး တပါဒမျှ ထွက်မလာ၊ ခပ်မဆိပ် နေတော်မူခဲ့သည်။ သူ့စိတ်ထဲမှာရှိသည်များကို မည်သို့မည်ဝါ ယသောဓရာအား ပြောပြရပါမည်နည်းဟု နားမလည်အောင် ဖြစ်နေခဲ့ရသည်။ အတန်ကြာနှစ်ဦးလုံးသည် ခပ်မဆိပ်ဖြစ်နေခဲ့ရသည့် အဆုံးတွင် “သကျသံဃတွင် ဖြစ်ပျက်မှုများကို သူသိရှိပြီးဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ထိုအခါ သိဒ္ဓတ္ထအနေဖြင့် တောထွက်ပြီး ဥပုသ္သျှယ်ခံယူတော့မည်ဖြစ်ကြောင်းကို ယသောဓရာအနေဖြင့် မည်သို့သဘောထားပါမည်နည်း ဟု မေးမြန်းခဲ့လေသည်။

ထိုသို့သော မေးခွန်းစကားများကို ကြားရလျှင် ယသောဓရာသည် မခံမရပ်နိုင်ဖြစ်ကာ သတိလစ်မေ့မျောသွားနိုင်သည်ဟု သိဒ္ဓတ္ထက ထင်မြင်ခဲ့သည်။ သို့သော် ခင်ပွန်းသည်မှ ယင်းစကားများကို ကြားရ၍ ယသောဓရာသည် မည်သို့မျှ တုန်လှုပ်သွားခြင်းမရှိခဲ့ပါ။ ပြင်းထန်သည့် ရင်တွင်းခံစားချက်များကို သိမ်းဆည်းထားကာ ဤသို့ဖြေကြားလေသည်။ “မောင်တော် ကျရောက်နေသည့် အခြေအနေမျိုးမှာဆိုပါလျှင် နှမတော်လည်း မောင်တော်နှင့်အလားတူ ဆုံးဖြတ် ချက်မျိုးကို ပြုလုပ်ရမှာဖြစ်သည်။ ကောလိယလူမျိုးတို့ကို စစ်အင်အားနှင့် တိုက်ဖျက်ပစ်ရမည့် အစီအစဉ်မျိုးကို ကျွန်မအနေဖြင့် မည်သို့မှ



ထောက်ခံလိမ့်မည်မဟုတ်ပါ။ ယခုမောင်တော်မှာ လောကီစည်းစိမ်၊ မင်းစည်းစိမ်တို့ကို စွန့်ပစ်ပြီး လူအများနှင့် သတ္တဝါအပေါင်းတို့၏ ကောင်းရာကောင်းကျိုးကို ဖြစ်စေမည့် တရားများကို ကြိုးစား အားထုတ်သွားရန် ဆုံးဖြတ်ထားသည်ကို နှမတော်က သဘောတူပါသည်။ ကျွန်မမှာလည်း မောင်တော် နှင့်အတူ လိုက်ပါသွားချင်ပါလျက်နှင့် ရင်သွေးငယ် ရာဟုလ၊ ခမည်းတော်မင်းကြီးနှင့် မယ်တော်မိဖုရားကြီးတို့၏ ခံစားမှုတို့ကို ထောက်ထားသွားရန် တာဝန်ရှိပါသေး၍ မလိုက်ပါခြင်းသာဖြစ်သည်။”



အရှင် မင်းသား၊ မိဘများအတွက်နှင့် စိုးရိမ်ပူပန်မှုမရှိပါနှင့် လောကအကျိုးအတွက်သာ ကြိုးစားအား ထုတ် ပါ။ ယသောဓရာ

Generated by CamScanner from intsig.com

"ဤအခြေအနေမျိုး မပေါ်ပေါက်စေလိုသည်မှာတော့ နှမတော်၏ ဆန္ဒ အမှန်ပင် ဖြစ်ပါသည်။ သို့သော်လည်း ဆိုက်ရောက်လာသည့် အခြေအနေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားမှာကိုတော့ နှမတော်စိုးရိမ်ကြောင့်ကြခြင်းမရှိပါ။ မောင်တော် အနေဖြင့် မိဘများနှင့် သားငယ်အတွက် မည်သို့မျှ စိတ်ပူပန်ခြင်း မရှိပါနှင့် နှမတော် သက်ထက်ဆုံး စောင့်ရှောက်သွားမှာဖြစ်ပါသည်။"


"ဆွေမျိုးသားချင်း၊ မိဘများ၊ မိတ်သင်္ဂဟတွေကို စွန့်ပစ်ပြီး တောထွက် တရားရှာသွားနေတဲ့ အဖြစ်မျိုးမှာ နှမတော်အနေဖြင့် တောင်းပန်လိုတာကတော့ ဘဝမှာ သူများထက် မှန်မြတ်ပြီး၊ လောကအကျိုး၊ အများအကျိုး ဖြစ်နိုင်မည့် တရားစစ်၊ တရားမှန်တို့သို့ ပို့ပေးနိုင်မည့် လမ်းကြောင်းသစ်တခုကိုတော့ ရရှိနိုင် အောင်ရှာတော်မူပါ။ အများ၏ ငြိမ်းချမ်းမှုနှင့် ချမ်းသာသုခကို ဖြည့်စွမ်း စေနိုင်မည့် တရားလမ်းကြောင်းများကို ရနိုင်အောင် ရှာတော်မူပါ မောင်တော် ဘုရား"

ယသောဓရာထံမှ ထိုစကားများကိုကြားရပြီး သိဒ္ဓတ္ထဂေါတမမှ များစွာ စိတ်ကျေနပ်မှုရှိခဲ့ပြီး အားတက်ဝမ်းသာ ဖြစ်ခဲ့သည်။ ယသောဓရာကဲ့သို့ စွန့်လွှတ်မှု ရှိသော ဇနီးသည်တဦး၏ ယောက်ျားဖြစ်မှုကို ဂုဏ်ယူခဲ့မိသည်။ ယနေ့ ယခုအခါ ခွဲခွာသွားရတော့မည်ဖြစ်၍ သားငယ်ကို ချီယူလာရန် ပြောသည်။ ယသောဓရာ က သားငယ်ရာဟုလအား ပွေ့ချီလာခဲ့သည်။ သိဒ္ဓတ္ထဂေါတမသည် သားငယ် မျက်နှာ ကို ချစ်ခင်ယုယသည့် မျက်လုံးအစုံတို့ဖြင့် ကြည့်ကာ ထိုအဆောင်မှ ထွက်ခွါသွားလေသည်။



နန်းတွင်းရှိ ဆွေမျိုးသားချင်းအားလုံးအား နှုတ်ခမ်းဆက်သနေပုံ။






ခပ်သိမ်းသော နန်းစည်းစိမ်နှင့် ဆွေးမျိုးသားချင်းအားလုံးကို စွန့်ခဲ့ပြီး မင်းသားသိဒ္ဓတ္ထထွက်ခွာသွားခဲ့သည်။

နောက်တနေ့တွင် ဖခမည်းတော်မင်းကြီး သုဒ္ဓေါဒန၊ မိဖုရားကြီး ဂေါတမီ၊ ယသောဓရာနှင့် ကျေးကျွန်အခြွေ အရံအပေါင်းတို့ နန်းရင်ပြင်တွင် စုစည်းနေရာ မင်းသား သိဒ္ဓတ္ထသည် အားလုံးသော သူတို့အား ထိုက်သင့်သလို နှုတ်ခွန်း ဆက်သကာ ကဏ္ဍကမြင်းကို စီး၍ မြင်းထိန်း ဆန္နနှင့်အတူ တောထွက်သွားခဲ့ သည်။

Generated by CamScanner from intsig.com

နန်းရင်ပြင်မှာ ကျန်ရစ်ခဲ့သော သူများသည် မင်းသား၏ ကောင်းရာကောင်းကျိုးအတွက် ဆုမွန်ကောင်း တောင်းကာ မေတ္တာပို့ခဲ့ကြသည်။

သိဒ္ဓတ္ထဂေါတမသည် မိမိနှင့်ပတ်သက်သည့်အရာအားလုံးကိုစွန့်၍ တောထွက်သွားခဲ့ပြီ၊ သူ၏ ဤခရီးစဉ်သည် လူအများနှင့် သတ္တဝါအပေါင်းတို့၏ အကျိုးချမ်းသာအတွက် ဖြစ်သည့်အားလျော်စွာ ဤသို့ တောထွက်သွားခြင်းကို "မဟာနိသက္ခမန"ဟူ၍ သမိုင်းတင်ထားသည်။



*ယသောဓရာမှာလည်း သိဒ္ဓတ္ထကဲ့သို့ ရိုးရိုးသာမာန်ဘဝမျိုးဖြင့် နေထိုင်လာခဲ့သည်။*

သိဒ္ဓတ္ထထွက်ခွါသွားပြီးနောက် ယသောဓရာမှာ လုံးဝမျှော်လင့်ချက်ကုန်ဆုံးခဲ့သည်မဟုတ်၊ သူ့ခင်ပွန်းသည် ပရမတ္တအလုပ်ကို အောင်မြင်စွာ ဆောင်ရွက်ပြီးနောက် သားရင်သွေးဖြစ်သူ ရာဟုလထံတော့ ပြန်လာဦးမည်ဖြစ်ကြောင်းကို ယုံကြည်မျှော်လင့်ထားလေ၏။ ထိုယုံကြည်မှုတို့ကြောင့် သူမသည် (၇)နှစ်



ကျော် ကြာခဲ့ပြီဖြစ်သော်လည်း သိဒ္ဓတ္ထ၏လမ်းစဉ်အတိုင်း လိုက်နာ ကျင့်ကြံခဲ့သည်။

လင်ယောက်ျားဖြစ်သူ သိဒ္ဓတ္ထမှာ ဆံကေသာများကို ပယ်၍ ဆံကေသာကို စွန့်ပယ်ခဲ့သည်ဟူသော သတင်းကို ကြားသိသောအခါ ယသောဓရာမှာလည်း မိမိ၏ လှပသော ဆံကေသာများကို ရိတ်ပယ်ထားခဲ့လေသည်။ အမွှေးနံ့သာများကို လိမ်းကျံခြင်း၊ လက်ဝတ်လက်စားတန်ဆာပလာများကို သိဒ္ဓတ္ထမဝတ်တော့ပါ၊ စွန့်ပယ်ပစ်ခဲ့ပြီ ဟူသော သတင်းကို ကြားရ၍ ယသောဓရာမှာလည်း အမွှေးနံ့သာများ လိမ်းခြင်း၊ မင်းသမီးများ ဝတ်ဆင်ရမည့် တန်ဆာပလာစသည်တို့ကို ချွတ်၍ စွန့်ပစ်လေတော့သည်။

တောထွက်၍ သိဒ္ဓတ္ထမှ တရားကျင့်နေကြောင်း ထိုသို့ တရားကျင့်နေသည့် အချိန်ကာလတွင် ဆွမ်းဘောဇဉ်ကို တနေ့လျှင် တနပ်စာသာ စားနေကြောင်းကို သတင်းကြားခဲ့သည့်အခါ ယသောဓရာမှာလည်း အစားကို တနပ်သာ စားလာခဲ့သည်။ အစားဘောဇဉ်ကို ရွှေခွက်၊ ငွေခွက်များ၌ မထည့်ဘဲ မြေအိုးမြေခွက်များကိုသာ သုံးစွဲလာခဲ့သည်။ ထိုမြေခွက်ကို ပါဠိဘာသာစကားဖြင့် (မိသရိကာ–ပါတ္တရာ)ဟု ခေါ်ဆိုထားကြောင်း ဖော်ပြထားပါသည်။

သူ့ဘဝဖော်ဖြစ်သူ သိဒ္ဓတ္ထမှ တောထွက်ပြီး တရားကျင့်ကြံရာတွင် ပျော်မြူးနေပြီ ဆိုပါက မင်းစည်းစိမ်ဥစ္စာတို့က ယသောဓရာအား အဘယ်ကဲ့သို့သော ပျော်ရွှင်မှုဖြစ်စေနိုင်ပါမည်နည်း။

ယခုဆိုလျှင် ယသောဓရာမှာ တာဝန်တခုသာ ရှိနေသည်။ ဖခမည်းတော် မင်းကြီးနှင့် မိဖုရားကြီး ပဇာပတိ ဂေါတမီတို့အား အလုပ်အကျွေးပြုစုစောင့်ရှောက်ခြင်းနှင့် သားတော်ရာဟုလအား ကြီးပြင်းလာအောင် ကျွေးမွေးပြုစုပျိုးထောင် ပေးခြင်းတို့သာ ဖြစ်၏။

သိဒ္ဓတ္ထ ဂေါတမသည် တောတွင်း၌ ရသေ့၊ ရဟန်းတဦး၏ ကျောင်းသခ်ိမ်းမှ အခြားကျောင်း သခ်ိမ်းသို့ ရွှေ့ပြောင်းလျက် ထိုဆရာ (၇၂)တို့ အပါးတော်၌ လှည့်လည်ကာ ဉာဏ်သစ်၊ ဉာဏ်မှန်ရနိုင်အောင် တရားကျင့်ကြံအားထုတ်သွားခဲ့ သည်။

သို့သော် သိဒ္ဓတ္ထမှာ ထိုဆရာရသေ့ရဟန်းတို့ထံမှ တရားစစ်၊ တရားမှန်ကို မရရှိနိုင်ခဲ့ပါ။ နောက်ဆုံး (၆)နှစ်ကျော် ကြိုးစားအားထုတ်မှုတို့ကြောင့် ဗုဒ္ဓဂါယာတွင် ဗောဓိညောင်ပင်၏ ချမ်းမြေ့သော အရိပ်အာဝါသအောက်တွင် ဗုဒ္ဓအဖြစ်ကို ရရှိခဲ့သည်။ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိလာ၍

Generated by CamScanner from intsig.com

လောကဉ္စ သမ္မာသမ္ဗုဒ္ဓအဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့ပါသည်။

သမ္ဗောဓိ ရရှိပြီးနောက် ရိက္ခိပတ္တန ခေါ် သာရနာထသို့ ကြွရောက်ခဲ့ပြီး ဓမ္မစကြာ (ဗုဒ္ဓ ဓမ္မ)ကို လူနတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ချမ်းမြေ့သာယာမှု တို့ကို ရှေ့ရှု၍ စတင်လှည့်လည်ခဲ့သည်။ သတ္တဝါအပေါင်းတို့အား ဒုက္ခဘုံမှ ကယ်တင်နိုင်ရန် မဟာကရုဏာမြတ်ဗုဒ္ဓမှာ တနေရာမှ တနေရာသို့ လှည့်လည် ကာ ကရုဏာဓမ္မတရား တော်မြတ်ကို ဟောကြားပေးခဲ့သည်။ မကြာခင် အချိန်ကာလအတွင်း တရားစစ်၊ တရားမှန် (ဗုဒ္ဓ ဓမ္မ)ရောင်ခြည်များသည် ဇမ္ဗူဒီပါတခွင် လင်းထိန်လာခဲ့လေသည်။



သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီအား ဘုရားရှင်ထံစေလွှတ်ခဲ့ပုံ။



ပန်းမာလာတို့၏ အမွှေးရနံ့သည် လေတိုက်သည့် အရပ်တို့၌ သင်းကြိုင်သည်။ သို့သော် မြတ်ဗုဒ္ဓ၏ ဓမ္မကိတ်တိတို့မှာ အရပ်လေးမျက်နှာတွင် ထင်ပေါ်ကျော်ကြားမှု ရရှိလာခဲ့၍ ဓမ္မရောင်ခြည်များ လင်းထိန်သင်းကြိုင် လာခဲ့ရပါသည်။ တထာဂတ ဗုဒ္ဓ၏ ထိုထင်ပေါ်ကျော်ကြားမှုတို့ကို ကြားသိ၍ သာကီအနွယ်ဝင်တို့မှာ များစွာ ဂုဏ်ယူပီတိဖြစ်လာခဲ့ကြသည်။ ကပိလဝတ္ထုမှ ပြည်သူပြည်သားအပေါင်းတို့သည် မိမိတို့ အိမ်ရှေ့မင်းသား ယခုလို ဘုရားအဖြစ်ကို ရရှိလာခဲ့သော မြတ်ဗုဒ္ဓအား မိမိတို့အကြား ဖူးမျှော်ရန် စိတ်ထားပြင်းပြလာခဲ့ကြသည်။



ကပိလဝတ္ထုသို့ ကြွချီရန် ကာဠုဒါယီမှ ဘုရားရှင်ထံ လျှောက်ထားပုံ။

Generated by CamScanner from intsig.com

ဘုရားရှင်ဗုဒ္ဓ၏ ဓမ္မအရိပ်အာဝါသကို လူမျိုးစုံတို့က ခိုကိုးလာခဲ့ကြသည်။ သာရိပုတ္တရ ကဲ့သို့ (ဗြဟ္မဏ)၊ အနိရုဒ္ဓ (ခတ္တိယ)၊ မလ္လိယ (ဝေဿယ)၊ ဥပါလိ (ဆတ္တာသည်)၊ သုဏီတ (ဘင်္ဂီ)၊ သေပါက် (စဏ္ဍာလ)၊ အင်္ဂုလိမာလ (လူသတ်သမား)၊ အမ္ဗပါလီ (ပြည့်တန်ဆာ)၊ လူ့အဖွဲ့အစည်းအလွှာပေါင်းစုံမှ လူတို့သည် ဗုဒ္ဓနှင့် ဓမ္မအရိပ်ကို ခိုကိုးလာခဲ့ကြလေသည်။

မဟာရာဇာ သုဒ္ဓေါဒနနှင့် မိဖုရား ပဇာပတိ ဂေါတမီတို့က သားတော်၏ ဂုဏ်သတင်းကို ကြားသိ၍ လေးနက်တည်ငြိမ်မှုတို့ဖြင့် တွေးတောလာခဲ့ကြသည်။ ချွေးမတော် ယသောဓရာနှင့် မြေးတော် ရာဟုလငယ်တို့၏ မျက်နှာကို ကြည့်ကြည့်ပြီး စိုးရိမ်လာခဲ့ကြသည်။ တနေ့တွင် မင်းကြီးမှာ သားတော်ကို ဖူးမျှော်လိုခြင်း စိတ်ဆန္ဒဖြစ်လာသည်။ ထိုအချိန်၌ပင် ယသောဓရာမှာ ဖခမည်းတော်မင်းကြီး ရှေ့မှောက်သို့ ခစားလာခဲ့ပြီး “*ဖခမည်းတော် မင်းကြီးဘုရား လူအများအပြားတို့မှာ ရာဟုလဖခင်နှင့် ပတ်သက်သည့် သတင်းကောင်းအမျိုးမျိုးတို့ကို ပြောဆိုနေကြပါတယ် ဘုရား၊ ကပိလနန်းတွင်းမှာ သွားရောက်ဖူးမျှော်မှ သင့်တော်ဦး မည်လားလို့ သမီးတော် သိချင်လိုပါသည် ဘုရား*” ဟု၍ လျှောက်ထားခဲ့လေသည်။

ယသောဓရာ၏ လျှောက်ထားချက်ကို ကြားသိကာ မင်းကြီးမှာ ပိုမိုတည်ကြည်လာပြီး လေးလေးနက်နက် စဉ်းစားတွေးတောလာခဲ့ကာ “ဗုဒ္ဓအား ကပိလဝတ္ထုသို့ ကြွရောက်လာရန် ပင့်ဖိတ်ခေါ်မှသာလျှင် သင့်တော်ဦးမည်”ဟူ၍ ပြန်ပြောခဲ့လေသည်။

သုဒ္ဓေါဒနမင်းကြီးမှာ ဘုရားရှင်ဗုဒ္ဓအား ကပိလဝတ္ထုသို့ ကြွချီလာရန် မင်းချင်းယောက်ျား အတော်များများတို့အား တယောက်ပြီးတယောက် စေလွှတ်၍ ဖိတ်ကြားသတင်းပေးခဲ့သည်။ သို့သော် ထိုမင်းချင်းယောက်ျားတို့က ဗုဒ္ဓထံရောက်လာကာ ဥပသမ္ပဒံခံယူလျက် ဗုဒ္ဓ၏ ဘိက္ခုသံဃအဖွဲ့ဝင်များ ဖြစ်ကြလေတော့သည်။ မင်းကြီး၏ သတင်းပို့ချက်ကို မည်သူတစ်ဦးတစ်ယောက်ကမှ ဗုဒ္ဓထံ မပေးထားနိုင်ခဲ့ပါ။

နောက်ဆုံးမှာတော့ မိမိယုံကြည်အားကိုးမှု အထားဆုံး အမတ် ကာဠုဒါယီအား ဆင့်ခေါ်၍ ဗုဒ္ဓအား ဖိတ်ခေါ်ပင့်ဆောင်လာရန် စေလွှတ်ခဲ့ပါသည်။ “အသင် ကာဠုဒါယီအမတ်၊ သင်ဟာ ငါမင်းကြီး ယုံကြည်စိတ်အချရဆုံး အမတ်လည်းဖြစ်၊ သားတော် သိဒ္ဓတ္ထ၏ ဖွားဖက်တော်လည်းဖြစ်ပါသည်။ အသင်အမတ် ဗုဒ္ဓထံ မရောက်ရောက် အောင်သွားပြီး ခမည်းတော်၊ မယ်တော်



တို့မှာ သားတော်ကို ကပိလဝတ္ထုသို့ ကြွချီလာရန် သတင်းကို မဖြစ်ဖြစ်သလိုပေးပြီး ဗုဒ္ဓအား ကပိလဝတ္ထုသို့ ပင့်ဆောင်လာခဲ့ပါ” ဟူ၍ စေခိုင်းတော်မူလေ၏။

ကာဠုဒါယီအမတ်ကလည်း မင်းကြီးစေခိုင်းသည့်အတိုင်း ထိုအခါက ဗုဒ္ဓသီတင်းသုံးနေသည့် ရာဇဂြိုဟ်မြို့သို့ ထွက်ခွာလာခဲ့ပြီး သင့်တော်သည့် အချိန်ကာလတခုတွင် ဗုဒ္ဓထံချဉ်းကပ်ကာ သုဒ္ဓေါဒနမင်းကြီး၏ သတင်းပေးမှုကို လျှောက်ထားတင်ပြခဲ့သည်။

မြတ်ဗုဒ္ဓကလည်း ထိုဖိတ်မန်တကပြုခြင်းကို လက်ခံကာ ဘိက္ခုသံဃအပေါင်းခြံရံလျက် ကာဠုဒါယီနှင့်အတူ ကပိလဝတ္ထုသို့ ကြွချီလာခဲ့သည်။



*ယသောဓရာမှ သားရာဟုလအား ဖခင်ဘုရားရှင်ကို ညွှန်ပြပုံ။*

Generated by CamScanner from intsig.com

ဘုရားရှင်နှင့် ဘိက္ခုသံဃအပေါင်းတို့အား ကြိုဆိုရန် ကပိလဝတ္ထုမြို့တော် တလျှောက် ဓမ္မအလံများ လွှင့်ထူကာ လှပတင့်တယ်စွာ ပြင်ဆင်ထားကြ၏။

မိထွေးတော် ပဇာပတိ ဂေါတမီနှင့် ဖခမည်းတော် မင်းကြီး သုဒ္ဓေါဒနမှာ အမတ်အပေါင်းခြံရံလျက် နန်းတွင်းသူ၊ နန်းတွင်းသားအပေါင်းတို့မှာ ဘုရားရှင်နှင့် ဘိက္ခုသံဃအပေါင်းတို့ကို ကြိုဆိုကြရန် နန်းတွင်း၏ မုခ်တံခါးဝမှ စောင့်ဆိုင်းလျက် ရှိခဲ့ကြသည်။ ကပိလဝတ္ထု ပြည်သူပြည်သားအများအပြားတို့ကလည်း ဘုရားရှင် ကြွချီလာသည့် လမ်းမတလျှောက်၌ မတ်တပ်ရပ်လျက် လိုက်လှဲစွာ ခရီးဦးကြို ပြုခဲ့ကြသည်။


ယသောဓရာမှာ စံအိမ်တော်၏ ပြသာဒ်ဆောင်မှ ရာဟုလအား ကြွချီလာ သော ဘိက္ခုသံဃာများ၏ အထွဋ်အထိပ်နာယကဖြစ်သူ သူ့ဖခင်အား ညွှန်ပြရန် သားတော်နှင့်အတူ ရပ်နေလေ၏။ သို့သော် သူမကိုယ်တော်တိုင်က အဆောင်တော်မှ ဆင်းသက်မလာဘဲ နေလေသည်။



ကပိလဝတ္ထုသို့ ကြွချီလာသော ဘုရားရှင်အား ပြည်သူပြည်သားများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

ဘုရားရှင်ဗုဒ္ဓကို ဖူးမျှော်လိုသော ပြည်သူပြည်သားအချို့တို့သည် လမ်းနံဘေးရှိ သစ်ပင်များပေါ်တက်၍ ဘုရားရှင်နှင့် ဘိက္ခုသံဃာအပေါင်းတို့အား စိတ်အားထက်သန်စွာ ဖူးမျှော်ခဲ့ကြသည်။





ကျွန်မသည် သစ္စာအမှန်ကို အမြဲထိန်းခဲ့သူဖြစ်ခဲ့ပါလျှင် ဘုရားရှင်မှာ ကျွန်မထံ ကြွလာမည်ဖြစ်သည်။

လက်ဝဲလက်ယာမှ ဓမ္မသေနာပတိများဖြစ်ကြသော သာရိပုတ္တရာနှင့် မဟာမောဂ္ဂလန်တို့နှင့်အတူ ဘုရားရှင်ဗုဒ္ဓသည် တစ်ထောင့်နှစ်ရာ့ငါးဆယ်သော သံဃာအပေါင်းတို့အား ဦးဆောင်လျက် ကပိလဝတ္ထုနန်းတော်ကို ဦးတည်ကြွချီလာခဲ့သည်။ ဗုဒ္ဓနှင့် သံဃာအပေါင်းတို့အား ကြိုဆိုသည့် ပြည်သူပြည်သားတို့၏ ဇေယတု မင်္ဂလံအသံတို့ဖြင့် လမ်းတလျှောက်လုံး မြည်ဟိန်းပဲ့တင်ထပ်သွားလေသည်။

နန်းတော်၏ ရှေ့မုခ်ဝသို့ရောက်ရှိလာသော ဗုဒ္ဓနှင့် သံဃာအပေါင်းတို့အား သုဒ္ဓေါဒနမင်းကြီးသည့် နန်းတော်အတွင်း ကြိုတင်စီစဉ်ထားသည့် နေရာအထိ ခေါ်ဆောင်သွားခဲ့သည်။ ထိုနေရာ၌ နန်းတွင်းမိသားစု အဖွဲ့ဝင်များဖြစ်ကြသော မိထွေးတော် ပဇာပတိ ဂေါတမီနှင့်အတူ အခြားမိသားစု အဖွဲ့ဝင်များဖြစ်ကြသော အာနန္ဒာ၊ အနိရုဒ္ဓ၊ မဟာနာမ၊ ဒေဝဒတ်၊ ဘဒ္ဒိယ၊ ကိမ္ဗိလ၊ ဘဂိုဂု၊ နန္ဒ၊ ရူပနန္ဒ၊ ဓိတောဒ္ဒန၊ သုက္ကလောဒ္ဒန၊ သကျလောဒ္ဒန၊ အမိတောဒ္ဒန


Generated by CamScanner from intsig.com

တို့က ဗုဒ္ဓအား ကြိုဆိုကြလေသည်။

အံ့သြစရာဖြစ်သည့် အဖြစ်တခုမှာ ထိုနေရာတွင် ယသောဓရာကို မတွေ့မမြင်ရခြင်း ဖြစ်၏။ ထိုအဖြစ်ကို သိ၍ မင်းကြီးမှ ယသောဓရာအား ခေါ်ခိုင်းခဲ့သည်။ သို့ပေငြားလည်း ယသောဓရာသည် ထိုအဆောင်နေရာသို့ ကြွမလာဘဲ မိမိအဆောင်တော်၌ပင် နေတော်မူပြီး "*အကယ်၍ ကျွန်မမှာ သိဒ္ဓါတ္ထအား ဖူးမျှော်ရန် ထိုက်တန်သူ တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံရသူတစ်ဦးဖြစ်လျှင် သိဒ္ဓါတ္ထ ကိုယ်တော်တိုင် ကျွန်မထံကြွလာဦးမည်*"ဟု အကြောင်းပြန် ပြောလေသည်။

ဆွေမျိုးသားချင်းအားတို့နှင့် တွေ့ဆုံပြီးနောက် ဗုဒ္ဓသည် ယသောဓရာ အဘယ်မှာရှိကြောင်းကို မေးတော်မူသည်။ ထိုအခါကျမှ ယသောဓရာ ပြောထားခဲ့သည့်အကြောင်းများကို ဘုရားရှင်အား အသိပေးခဲ့ကြသည်။ ထိုစကားများကို ကြားလျှင်ကြားချင်း ဗုဒ္ဓသည် ထိုင်ရာမှထ၍ ယသောဓရာစံ အိမ်ဘက်သို့ ထွက်ခွါ သွားခဲ့သည်။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့က ဘုရားရှင်နှင့် အတူ လိုက်ပါ သွားခဲ့ကြသည်။

ငါဘုရားသည် သံသရာမှ ကျွတ်လွတ်ခဲ့ပြီ၊ သို့သော် ယသောဓရာမှာ ထိုအဖြစ်ကို မရသေးသည့် သာမန်လူအဖြစ်မှာပင် ရှိပါသေးသည်။ ထိုသို့သော အကြောင်းများကြောင့် ယသောဓရာမှ ငါဘုရားအား ထိတွေ့ဘို့ ပြုလုပ်လာခဲ့ပါက သူမအား မတားမြစ်ကြရန် သာရိပုတ္တရာတို့အား ကြိုတင်မှာကြားထားခဲ့သည်။



ယသောဓရာ၏ စံအိမ်ဆောင်သို့ ကြွချီလာသော ဘုရားရှင်အား ရှိခိုးကတော့နေသည့်ပုံ။



ယသောဓရာမှာ အတွေးလှိုင်းတို့၏ နက်နဲမှုတွင် နစ်မြုပ်လျက် မိမိစံအိမ်တော်၌ ထိုင်လျက်ရှိနေခဲ့ရာ တထောက်တမှ ထိုအဆောင်တော်သို့ ဝင်လာခဲ့သည်။ ဘုရားရှင် ဝင်လာသည်ကို မြင်လျှင်မြင်ချင်း ယသောဓရာသည် ထိုင်ရာမှထ၍ ပြေးလာကာ ဗုဒ္ဓ၏ အခြေအစုံကို ဖက်ကာ ငိုကြွေးလေတော့သည်။ သူမခင်ပွန်း သိဒ္ဓါတ္ထမှာ ကျွတ်လွတ်သွားခဲ့ပြီး ပုဂ္ဂိုလ်တစ်ဦးဖြစ်နေသည်ကို သူမလုံးဝသတိမမူခဲ့ပါ။ သူမ၏ မျက်လုံးအိမ်များက မျက်ရည်များဖြင့် ပြည့်နေပြီး ရေလျှံထွက်သည့် ရေကန်ပမာဖြစ်ခဲ့ရသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ရှင်သာရိပုတ္တရာတို့နောက်မှ ရပ်၍ ဖြစ်ရာများကို မျက်ရည်ဝဲနေခဲ့သည့် မျက်လုံးများဖြင့် ကြည့်နေကြောင်းကို မြင်ရလိုက်သဖြင့် ယသောဓရာမှာ ရှက်ကိုးစွာ ဗုဒ္ဓ၏ ခြေအစုံတို့အား ဖက်ထားရာမှလွှတ်၍ အဆောင်တော် ထောင့်တနေရာတွင် ဦးခေါင်းငုံ့ကာ ထိုင်နေခဲ့သည်။

ထိုအခါ မင်းကြီးမှာ ရှေ့တိုးလာခဲ့ပြီး ယသောဓရာအား ခွင့်လွှတ်ပေးပါရန် ဗုဒ္ဓအား ပြောပြခဲ့သည်။ ယခုလို မိမိစိတ်ကို ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့သော ယသောဓရာ၏ စိတ်စေတနာတို့မှာ တခဏအတွက် ပေါ်ပေါက်ခြင်းမျိုး မဟုတ်ပါ။ နှစ်ကာလအတော်ကြာရှည်စွာ သူမခံစားခဲ့ရသည့် အချစ်နှင့် ခွဲခွာလွမ်းဆွတ်မှုတို့ကြောင့် သာဖြစ်သည်။ ယသောဓရာမှာ လွန်ခဲ့ပြီး (၇)နှစ်တာ အချိန်ကာလကို အချိန်အခါမလပ် ရှင်ဗုဒ္ဓကို သတိရအောက်မေ့မြတ်နိုးရာဝယ် အချိန်ကုန်ဆုံးခဲ့ သည်။ နန်းတွင်းသူ တစ်ဦးဖြစ်သော်လည်း သူ့ဘဝ၊ ခင်ပွန်းဖြစ်ခဲ့သူ သိဒ္ဓါတ္ထက တောတွင်း၌ ကျင့်ကြံခဲ့သလို လိုက်၍ကျင့်ကြံခဲ့သည်။ သူ့ခင်ပွန်းသည် ဆံကေသာများ ရိတ်ပယ်သွားသည့်အလျောက်၊ သူမ၏ ဆံပင်များကို ရိတ်ပယ်၍ နန်းတွင်းသူများ ဝတ်ဆင်ရသည့် တန်ဆာပလာများကို ချွတ်ထား၍ (ဝနဝါသီ) တောတွင်း နေထိုင်သူတဦးကဲ့သို့ နေထိုင်ခဲ့ပါသည်။ သူမခင်ပွန်းမှာ တနေ့လျှင် ဆွမ်းဘောဇဉ်ကို တစ်နပ်သာ စားသုံးနေသည့်သတင်းကိုကို ရရှိလာသည့်အခါ သူမလည်း ခင်ပွန်းသည်နှင့်တူအောင် ထမင်းဘောဇဉ်ကို တနေ့လျှင် တခါသာ စားသုံးပြီးနေခဲ့သည်။ အဖြစ်အပျက်အကြောင်းအရာများကို သုဒ္ဓေါဒနမင်းကြီးက ရှင်ဗုဒ္ဓနှင့် သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့အား ပြောပြလေတော်မူသည်။

ထိုအခါ ရှင်ဗုဒ္ဓသည် တောထွက်ခါစ ယသောဓရာပြောခဲ့သည့် စကားများကို ပြန်လည် သတိရစေရန် သူ့အား ပြောပြခဲ့သည်။ ဘုရားလောင်းအဖြစ်

ဗောဓိဉာဏ်စဉ်ကို ရအောင်ကြိုးစားအားထုတ်နေစဉ် ကာလအချိန်က ယသောရော၏ စင်ကြယ်မှု၊ သူ့နေမှုထိုင်မှု၊ သူ့သစ္စာနှင့် သူ့မေတ္တာပို့သမှု ကုသိုလ်တရားတို့ကြောင့် ငါဘုရားက သမ္မာသံဗောဓိအဖြစ်ကို ရရှိနိုင်ရန် များစွာ အထောက်အကူ ဖြစ်ခဲ့ကြောင်းကို ဖွင့်ဟပြောပြခဲ့သည်။

ယသောရောခံစားနေခဲ့သည့် ဝေဒနာများသည် စကားလုံးများဖြင့် ဖော်ပြ၍မဖြစ်နိုင်သည့် အဖြစ်တခု ဖြစ်ခဲ့ရသည်။ ထိုပုဂ္ဂလဓိဋ္ဌာန်ဝေဒနာများမှာ တဖြစ်လဲ ပြောင်းခဲ့ပါက ဓမ္မဓိဋ္ဌါန်အတွက် အကျိုးပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။ ယသောရော၏ ကျင့်ကြံမှု၊ နေမှုထိုင်မှု၊ ပြောမှုဆိုမှု၊ ဆက်ဆံမှုတို့က အလွန် မွန်မြတ်သန့်စင်သည့် အလျောက် (နာရီးလောက)မိန်းမများလောကတွင် ယသောရောမှာ အတုမရှိ အထင်ကြီး ဂုဏ်ယူစရာ မိန်းမသားတစ်ဦး ဖြစ်ခဲ့ရ ပါသည်။

ဆွမ်းဘောဇဉ်ဘုဉ်းရန် အချိန်ဖြစ်၍ ဘုရားရှင်သည် ယသောရော၏ အဆောင်တော်မှ ထွက်ခွာသွားခဲ့ကြသည်။ ယသောရောသည် (၇)နှစ်သား အရွယ် ဖြစ်နေပြီဖြစ်သော သားတော် ရာဟုလအား မင်းသားငယ်တို့ ဝတ်ဆင်ရသည့် မင်းခမ်းမင်းနားဝတ်စုံတို့ဖြင့် ဝတ်ဆင်ပေးကာ "*ချစ်သား ရာဟုလ ဘိက္ခုများ အလယ်၌ တင့်တယ် ဝင့်ကြွားစွာထိုင်လျက်ရှိနေသော မထေရ်မြတ်မှာ သားတော်၏ ဖခင်ဖြစ်ပါသည်။ ဖခင်နား သွားရောက်ကာ အမွေတောင်းလေ့၊ သား တစ်ယောက်သည် သူ့ဖခင်ထံမှ အမွေတောင်းခွင့်ရှိပါသည်။*"




ဘုရားရှင်မှ သားရာဟုလအား မေတ္တာ ပို့ပေးသည့်ပုံ။



ရာဟုလမှာ မိခင်၏ စကားများကို ကြားရ၍ မယုံသင်္ကာဖြစ်နေသည်။ သူက သုဒ္ဓေါဒနမင်းကြီးမှလွဲ၍ အခြားသူတစ်ယောက်ကို ဖခင်အဖြစ် သတ်မှတ် လက်ခံရန် ခက်ခဲလျက် ရှိခဲ့ရာ၊ ထိုအဖြစ်ကိုမြင်၍ မိခင်ယသောရောက အကြောင်းစုံ ကို သားတော်ငယ်အား ရှင်းပြခဲ့သည်။

ရာဟုလငယ်သည် မိခင်ထံမှ အကြောင်းစုံကို သိ၍ ဆွမ်းဘုဉ်းရာသို့ သွားရောက်ကာ ချစ်ခင်ယုယသည့် အသံတို့ဖြင့် "*အရှင်သည် သားငယ်၏ ဖခင် မဟုတ်ပါလား*" ပြောဆိုရင်း ဘုရားရှင်အနီးသို့ချဉ်းကပ်သွားခဲ့သည်။ "*အရှင် သားငယ်အား အမွေပေးပါတော့*" ဘုရားရှင်ဗုဒ္ဓသည် ဆွမ်းဘုဉ်းပေးပြီး နန်းတော်မှ ထွက်ခွာသွားသည်။ သားငယ်ရာဟုလက နောက်ကလိုက်လံ၍ အမွေတောင်း ခံနေခဲ့သည်။ ရာဟုလက ရှင်ဗုဒ္ဓနောက်က လိုက်လံ၍ အမွေ တောင်းခံသည့် အပြုအမူကို မည်သူတဦးတစ်ယောက်ကမျှ မတားမြစ်ခဲ့ပါ။ ဘုရားရှင်ကိုယ်တိုင်ကလည်း တားမြစ်ခြင်းကို မပြုလုပ်ခဲ့ပါ။

တထာဂတမှာ ရှင်သာရိပုတ္တရာဖက်သို့ လှည့်ကြည့်ကာ သားငယ်က အမွေတောင်းခံနေသည်။ သူ့အား ပျက်စီး ပြိုပျက်သွားရသည့် သဘာဝရှိသော နိမိ (နေ၊ ဥစ္စာ၊ ပစ္စည်း)ကိုတော့ ငါဘုရားအနေဖြင့် အမွေမပေးလို၊ အဘယ်ကြောင့် ဆိုသော် ထိုလောကစည်းစိမ်တို့က လူတို့အား ဒုက္ခဆင်းရဲတို့ကိုသာ ဖန်တီးသည်။ သားငယ်အား အဘယ်အခါမှ ပျက်စီးခြင်းကိုမရောက်၍ အစဉ်သဖြင့် ချမ်းသာသုခ ဖြစ်စေသည့် တရားဓမ္မ၏ အမွေကို ပေးလိုသည်ဟု ပြောခဲ့သည်။



ရာဟုလအား ဥပဇ္ဈာယ် ပြုပေးသည့်ပုံ။

Generated by CamScanner from intsig.com

ထို့နောက် သားငယ်ရာဟုလဖက်သို့ လှည့်ကာ တည်ကြည်သော အသံတို့ဖြင့် ဤသို့ ဆိုတော်မူ၏။ "ချစ်သား ငါ့မှာ ရွှေငွေရတနာမရှိပါ၊ ဒါပေမယ့် ငါ့မှာ တရားဓမ္မနိဓိတော့ရှိပါသည်။ တရားနိဓိတွေကို ချစ်သားက လုံလုံခြုံခြုံ တာဝန်သိသိ ထိန်းထားနိုင်မယ်ဆိုရင် ထိုအမွေကို ငါသင့်အား ပေးနိုင်ဦးမည်"ဟူ၍ မေးခဲ့လေသည်။ တရားဓမ္မနိဓိမှာ လူတို့အား အမှန်မြတ်ဆုံး ချမ်းသာသုခကို ပေးစွမ်းနိုင်သည်။ ထိုအမွေကို လိုချင်ပါက ချစ်သားမှာ ဘိက္ခု သံဃာကို ဝင်ရမည်ဖြစ်သည်"ဟူ၍ ဆက်လက်ပြောလေသည်။

ဗုဒ္ဓ၏ ထိုစကားများကို ကြား၍ ရာဟုလသားငယ်သည် သံဃအဖွဲ့ဝင် ဖြစ်လိုပါကြောင်း ပြန်၍ လျှောက်ထားခဲ့သည်။ ရာဟုလထံမှ ထိုသို့ သဘောတူညီ ချက်ရပြီးနောက် ရှင်သာရိပုတ္တမှ ဥပသမ္ပဒံပြုပြီး ရာဟုလအား ဘိက္ခုသံဃအဖွဲ့ဝင် အဖြစ် လက်ခံအသိအမှတ်ပြုခဲ့ရသည်။

ရာဟုလ ဥပသမ္ပဒံခံယူသွားသည့်သတင်းကို ကြားသိကာ ဘိုးတော် မင်းကြီး သုဒ္ဓေါဒနမှာ များစွာ စိတ်ဆင်းရဲမှုဖြစ်ကာ စိုးရိမ်ပူပန်ခဲ့လေသည်။ ရာဟုလနှင့် ယုဝရာဇ (အိမ်ရှေ့မင်းသား)နန္ဒတို့ ဥပသမ္ပဒံခံယူသွားပြီးနောက် သာကီဝင်အနွယ်ဝင် မင်းသားအတော်များများတို့မှာ တဦးပြီးတဦး ဥပသမ္ပဒံ ခံယူကာ ဘိက္ခုသံဃအဖွဲ့ဝင် ဖြစ်သွားခဲ့ကြသည်။


ရောဟိဏီမြစ်ရေကို ခွဲဝေသုံးစွဲရေးကိစ္စနှင့် စပ်လျဉ်း၍ သာကီ (သကျ) အနွယ်ဝင်နှင့် ကောလိယမင်းတို့အကြား မကြာခဏ ပဋိပက္ခဖြစ်လေ့ရှိရာ ယခု တဖန်လည်း ပြဿနာကြီးစွာပေါ်ခဲ့သည်။ ဘက်နှစ်ဘက်မှ စဉ်းစား ဆင်ခြင်မှု ရှိသော လူကြီးများသည် ပေါ်ပေါက်လာသည့် မြစ်ရေပြဿနာကို ဖြေရှင်း ပြေလည်မှုအတွက် ဗုဒ္ဓထံလာရောက်၍ လျှောက်ထားတင်ပြခဲ့ကြသည်။ မြတ်ဗုဒ္ဓသည် အချင်းဖြစ်ရာသို့ သံဃာအဖွဲ့နှင့်အတူ ကြွချီလာကာ နှစ်ဘက်ပြေ လည်ရာပြေလည်ကြောင်းကို ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

အချင်းဖြစ်ပွားရာကို ပြေလည်ကြောင်း ဆောင်ရွက်ပြီးနောက် အရှင်ဗုဒ္ဓ သည် "ကလဟဝိဝါဒ"သုတ်ကို ဟောတော်မူသည်။ ထိုသို့တရားဟောခြင်းကို ကြား၍ သကျအနွယ်ဝင် (၅၀၀)ဦးတို့သည် အသီးသီး ဥပသမ္ပဒံခံယူကာ ဗုဒ္ဓ၏ သံဃအဖွဲ့သို့ ဝင်သွားခဲ့ကြလေသည်။

ပဇာပတိ ဂေါတမီမှာ ဘိက္ခုသံဃသို့ ဝင်သွားခဲ့ကြသည့် သကျ ယောက်ျား တို့၏ ဇနီးမယားတို့အား ခေါ်၍ စုဝေးခဲ့သည်။ ရာဇမာတာ ဂေါတမီ က "ကျွန်မတို့၏ လင်ယောက်ျားတွေက ဗုဒ္ဓထံ ဥပသမ္ပဒံခံယူကာ သံဃအဖွဲ့ဝင်



များဖြစ်ကုန်ခဲ့ ကြပြီ။ ငါတို့အားလုံးကလည်း ဘုရားရှင်ရဲ့ အရိပ်အာဝါသကို ခိုကိုးကာ လူ့ဘဝရဲ့ အမြင့်ဆုံး တရားအကျိုးကို အားထုတ်ကြပါလျှင် ကောင်း လိမ့်မယ်"ဟု ပြောပြခဲ့သည်။ "ငါနှင့်အတူ လိုက်ခဲ့ကြလော့၊ ငါတို့အားလုံး ဘုရားထံသွားပြီး ဥပသမ္ပဒံခံရန် တောင်းဆိုကြရအောင်"



ဘဒ္ဒါကစ္စာနာဘိက္ခုနီ မမာမကျန်းဖြစ်နေပုံ။

ရာဟုလ မာတာ (ယသောဓရာ)မှာ ဤသို့ စဉ်းစားတွေးတောလေ သည်။ ငါ့အရှင် သခင်ဖြစ်သူမှာ ရဟန်းအဖြစ်ခံယူကာ ဒိဗ္ဗဉာဏ်ရှင် လောက ဂုရုအဖြစ်ကို ဆောင်ရွက်ခဲ့ပြီ၊ သားငယ်ကလည်း သံဃာ၏ အရိပ်အာဝါသကို


ခိုကိုးသွားခဲ့ပြီ၊ မိထွေးတော် ဂေါတမီမှာလည်း ဘုရားရှင်၏ အရိပ်ကို ခိုကိုးရန် ဆုံးဖြတ်ထားခဲ့ပြီ၊ ဤသို့သော အခြေအနေအောက်တွင် ကျွန်မနန်းတွင်းမှာ နေ၍ ဘာလုပ်ရမှာနည်း။ ကျွန်မလည်း အခြားသကျ အမျိုးသမီးများနှင့်အတူ သာဝတ္ထိသို့ သွားကာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာကို ခိုကိုးမှ ကောင်းလိမ့်မည်ဟု ဆုံးဖြတ်ကာ မိထွေးတော် ဂေါတမီနှင့်အတူ သာဝတ္ထိသို့ ထွက်လာခဲ့သည်။ သို့သော် ဘုရားရှင်ဗုဒ္ဓသည် အမျိုးသမီးများအား ဥပသမ္ပဒံပေး၍ ဘိက္ခုသံဃာတွင် ဝင်ခြင်းကို ခွင့်မပြုဘဲ သံဃာအပေါင်းတို့အား အတူခေါ်ကာ သာဝတ္ထိမှ ဝေသာလီ သို့ ထွက်ခွာသွားခဲ့သည်။

နောက်မှ ရှင်အာနန္ဒာ၏ ကြားဝင်တောင်းပန်ချက်အရ ထိုသကျအမျိုးသမီးများသည် ဗုဒ္ဓသံဃ အဖွဲ့ဝင်ခွင့်ရခဲ့သည်။ ထိုအချိန်တွင် ယသောဓရာသည်လည်း ဘိက္ခုနီသံဃအဖွဲ့ဝင်ကာ တရားများကို ကျင့်ကြံပွားများခဲ့ပြီး ဘဒ္ဒါကစ္စာနာဟူ့ အမည်ဖြင့် ကျော်ကြားလာခဲ့သည်။ သာမဏေရာဟုလမှာ တခါတခါ ဘိက္ခုနီ ဘဒ္ဒါ ကစ္စာနာအား သွားရောက်ကာ တွေ့ဆုံဖူးမျှော်လေသည်။

ယသောဓရာသည် အခြားဘိက္ခုနီများနှင့်အတူ ရဟန်းအာစရိယတို့၏ တရားပြမှုတို့ဖြင့် ကျင့်ကြံအားထုတ်ကာ တရားမြတ်ကို ပွားများခဲ့လေ၏။

အခါတပါး၌ ဘဒ္ဒါကစ္စာနာထေရီသည် ဝါယော၊ လေရောဂါထသည့် ဝေဒနာကို အပြင်းအထန်ခံစားလာခဲ့သည်။ ထိုအချိန်က ရာဟုလ သာမဏေမှာ မိခင်ဘိက္ခုနီဘဒ္ဒါ၏ အနီးအနားတွင် ရှိခဲ့သည်။ မိခင်ဘိက္ခုနီ မမာမကျန်းဖြစ်နေကြောင်းကို ကြားသိကာ ရာဟုလသည် သူ့ထံလာခဲ့သည်။ ဝိနယ (နိယမ)၏ အလိုအရ မည်သည့်ဘိက္ခုယောက်ျားတို့မျှ ဘိက္ခုနီတို့စံရာ ကျောင်းအတွင်းသို့မဝင်ရ။ ကျောင်းသင်္ခမ်း၏ အပြင်ဝမှာ ရပ်နေရသည်။ မိခင်ဘဒ္ဒါကစ္စာနာကို လာရောက်တွေ့တိုင်းမှာ ဘိက္ခုနီယသောဓရာသာ ကျောင်းသင်္ခမ်းအပြင်သို့ ထွက်လာကာ ရှင်ရာဟုလအား တွေ့ဆုံလေ့ရှိခဲ့သည်။ ယခုအခါ ရောဂါဝေဒနာ အပြင်းအထန်ခံစားနေရသည် ဖြစ်သဖြင့် ကုဋီကျောင်းအပြင်သို့ ထွက်နိုင်ခြင်း မရှိခဲ့ပါ။ အခြားဘိက္ခုနီအဖော်များ ကျောင်းကုဋီမှ အပြင်ထွက်လာခဲ့ပြီး မိခင်မှာ အပြင်းအထန်မမာမကျန်းဖြစ်နေရ၍ ရှင်ရာဟုလအား အပြင်ထွက်မတွေ့နိုင် ကြောင်းကို ပြောပြခဲ့သည်။ ရှင်ရာဟုလသည် ကျောင်းသင်္ခမ်းဝမှနေ၍ *"အို မိခင် ဘိက္ခုနီ အဘယ်အရာများကို စားသောက်ရလျှင် မိခင်ရောဂါ ဝေဒနာ သက်သာ နိုင်ပါမည်နည်း"* ဟု အသံကျယ်ကျယ်ပေးကာ လှမ်း၍မေးခဲ့ပါသည်။





*မိခင် ဘိက္ခုနီအား သရက်သီးဖျော်ရည် ဆက်ကပ်နေသော ရှင်ရာဟုလ။*

လေရောဂါဝေဒနာကို အပြင်းအထန်ခံစားနေရသော ဘဒ္ဒါသည် အရှင့်သား၊ သရက်သီးဖျော်ရည်ကို သကြားထည့်ကာ သောက်ရလျှင် ဒီဝေဒနာ သက်သာနိုင်ကြောင်း ငြီးတွားနေသည့်အသံတို့ဖြင့် ပြန်ပြောခဲ့သည်။ ကပိလဝတ္ထု နန်းတွင်းမှာ စံနေတုန်းအချိန်ကာလက လေရောဂါထတိုင်း ယသောဓရာသည် သရက်သီးဖျော်ရည် သောက်သုံး၍ ဝေဒနာပျောက်ကင်းဖူးပါကြောင်းကိုလည်း ဆက်လက်ပြောပြလိုက်သည်။ သို့သော် ယခု သီလရှင်အဖြစ် ကိုယ်လိုရာကို အလွယ် ခံလို့မရသည့် ဘဝမျိုး၌ ခက်ခဲမှုဖြင့် ကြုံနေရသည် မဟုတ်လော။ ထိုအဖြစ်ကို သိရှိ နားလည်ထားသည့် ရှင်ရာဟုလက မိခင်အတွက် ဆေးဖြစ်နိုင်မည့် သရက်ဖျော် ရည်ကိုချက်ချင်း စီစဉ်ပေးမည်ဟု ပြောဆိုကာ ထိုနေရာမှ ထွက်ခွာသွားခဲ့သည်။

Generated by CamScanner from intsig.com

ဘိက္ခုနီသံဃဝင် သီလရှင်များ တခုခုလိုအပ်ပြီဆိုပါက ထိုအရာကို စီစဉ်ရှာပေးနိုင်ရန် တာဝန်မှာ ရှင်သာရိပုတ္တရာအား အပ်နှင်းထားသည်။ ရှင်ရာဟုလသည် မချမ်းမသာဖြစ်နေသည့် မျက်နှာထားဖြင့် မိမိ၏ ဥပဇ္ဈာယ်ဆရာဖြစ်သူ ရှင်သာရိပုတ္တရာ၏ ရှေ့မှောက်တွင် လာရောက်ရပ်ခဲ့လေသည်။ ရှင်သာရိပုတ္တရာမှ ရာဟုလ ၏အဖြစ်ကိုမြင်၍ အကြောင်းစုံမေးမြန်းခဲ့ပြီး စိုးရိမ်နေစရာမလိုတော့ပါ။ ငါချက်ချင်း သရက်ဖျော်ရည်ကို လိုအပ်သလို စီစဉ်ပေးမည်အကြောင်း ပြောပြခဲ့သည်။

ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာက ပသေနဒီကောသလမင်းအား အကြောင်းကြား၍ ရာဟုလ သာမဏေအား သရက်ဖျော်ရည် အလှူခံပေးရန် မှာကြားခဲ့သည်။ မင်းကြီးမှာ သရက်ဥယျာဉ်မှူးအား သရက်သီးမှည့် ချက်ချင်း ယူဆောင်ဆက်သရန် ခိုင်းစေခဲ့သည်။ မင်းကြီး ပသေနဒီမင်းကိုယ်တော်တိုင် ထိုသရက်သီးမှည့်များကို အခွံခွာကာ ဖျော်ရည်ရအောင် ညှစ်ထုတ်ယူကာ သန့်စင်သည့် ခွက်တခုမှာထည့်၍ ရာဟုလအား လှူဒါန်းခဲ့သည်။ ထိုဖျော်ရည်ခွက်ကိုယူကာ ရှင်ရာဟုလမှာ မိခင် ဘိက္ခုနီဘဒ္ဒါ သီတင်းသုံးသည့် ကျောင်းသင်္ခမ်းသို့ သွားရောက်၍ သရက်သီးဖျော်ရည်ကို ကျောင်းသင်္ခမ်းထဲသို့ ပို့ခဲ့သည်။ ထိုဖျော်ရည်ကို သောက်သုံးရသဖြင့် ထေရီဘဒ္ဒါကစ္စာနာမှာ ဝေဒနာသက်သာလာပြီး ကျန်းမာလာခဲ့သည်။


ပသေနဒီ (ပရသေနဇိတ) ကောသလမင်းကြီးသည် ရှင်ရာဟုလနောက်က မင်းချင်းယောကျ်ားတစ်ဦး စေလွှတ်ကာ မိမိတို့ လှူဒါန်းခဲ့သည့် သရက်သီးဖျော်ရည်ကို အဘယ်သို့ ယူသွားကြောင်း စုံစမ်းခိုင်းလေ၏။ မင်းချင်းယောကျ်ားမှာလည်း အကြောင်းစုံကို မိမိကိုယ်တိုင်တွေ့မြင်ကြားသိကာ မင်းကြီးအား အမှန်အတိုင်း ပြန်လျှောက်ခဲ့သည်။

မင်းချင်းယောကျ်ားထံမှ အကြောင်းစုံကိုသိ၍ ပရသေနဇိတ ကောသလမင်းသည် လေးနက်တည်ငြိမ်စွာ တွေးတောစဉ်းစားမိခဲ့သည်။ အကယ်၍ သိဒ္ဓါတ္ထဂေါတမမှာ တောမခိုခဲ့ပါလျှင် ယနေ့သူသည် စကြဝတေး မင်းတပါးကေန် ဖြစ်ရမှာ ဖြစ်သည်။ ရာဟုလမှာ အိမ်ရှေ့မင်းဖြစ်ပြီး သူ၏ မိခင် ထေရီယသောဓရာမှာ သိဒ္ဓါတ္ထ စကြဝတေးမင်း၏ မိဖုရားကြီး ဖြစ်နေမည်။ အနီးအဝေးမှာ တည်ရှိနေကြသော နိုင်ငံငယ်၊ မင်းငယ် အပေါင်းတို့မှာ ယင်းစကြဝတေးမင်းနှင့် မိဖုရားတို့ အား ခစားရမှာ ဖြစ်ပါသည်။ ငါလိုမင်းများကလည်း ယင်းတို့၏ အမိန့်အာဏာကိုပင် လိုက်နာရမည်ဖြစ်သည်။ ယခုလို ကပိလဝတ္ထု



နန်းလျာမိသားစု တခုလုံးက ရဟန်းဘောင်တက်ပြီး လူ့လောက အကျိုးချမ်းသာအတွက် လုပ်ကိုင်နေကြသည့် ကာလအတွင်း ငါတို့မှာလည်း ယင်းတရားရှင် တရားကျင့်ပုဂ္ဂိုလ်ထူးမြတ်အား လိုအပ်သလို စောင့်ရှောက်သွားရန် တာဝန်ရှိသည်ဟု အောက်မေ့ကာ ဘိက္ခုနီသံဃတို့ လိုအပ်သည့် ဆေးဖြစ်ဝါးဖြစ် အစားအသောက်များ အမြဲလှူဒါန်းသွားရန် စိတ်ပိုင်းဖြတ်ခဲ့လေသည်။

သရက်သီးဖျော်ရည်ကို ရှင်သာရိပုတ္တရာက ပုံမှန်ယသောဓရာထေရီအတွက် ပို့ပေးနေသည့် ကိစ္စနှင့် စပ်လျဉ်း၍ သံဃာအပေါင်းအချို့တို့မှာ ထိုအပြုအမူနှင့် စပ်လျဉ်း၍ တီးတိုးပြောဆိုလာပြီး ဒွိဟသံသယ ဖြစ်လာခဲ့ကြသည်။ ထိုသို့ ဖြစ်နေခြင်းကို ဘုရားရှင်က ကြားသိလာသောအခါ သံဃာအပေါင်းတို့အား စုဝေး၍ ဤသို့ မိန့်တော်မူခဲ့ပါသည်။



ဘိက္ခုနီ ကာသယာနာမှ တရားဟောနေသည့်ပုံ။

"ချစ်သား ရဟန်းအပေါင်းတို့ ရှင်သာရိပုတ္တရာမှာ ယခုအခါမှပင် ရာဟုလာ ၏ မိခင်ကို သရက်သီးဖျော်ရည် ဆက်သခဲ့သည်မဟုတ်၊ အခြားအခြားသော ဘဝများ၌လည်း သူသည် ထေရီယသောဓရာအား ယခုကဲ့သို့ သရက်သီး ဖျော်ရည်ကို တိုက်ကျွေးဆက်သခဲ့ဖူးပါသည်။ အတိတ်ကာလက ဖြစ်ခဲ့ဖူးသည့် အဖြစ်အပျက်တခုကို ပြောပြပြီး ဘိက္ခုတို့ဖြစ်နေသည့် စိတ်ဒွိဟကို ပျောက် ကင်းစေခဲ့လေသည်။

ဘဒ္ဒါကစ္စာနာ ဘိက္ခုနီမှာလည်း သီလဂုဏ်ကို စောင့်ထိန်းလျက် တရားများကို ကြိုးစားအားထုတ် ကျင့်ကြံ ခဲ့သည်။ ထိုသို့ ခဲရာခဲဆစ် လုံ့လဝီရိယ စိုက်ထုတ်ကာ တရားမြတ်အား ကျင့်ကြံအားထုတ်ပွားများယူသဖြင့် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလအတွင်းမှာပင် ယသောဓရာမှာ မဟာဘိဉာဏ်ကို ရရှိနိုင်ခဲ့သည်။ ရှင်တော်မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိနေသည့် ကာလအတွင်း ဓမ္မသေနာပတိ အရှင်သာရိပုတ္တာ၊ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန်၊ ရှင်ဝက္ကုလ ရဟန်းနှင့် ထေရီဘဒ္ဒါကစ္စာနာ (ယသောဓရာ)တို့မှာ မဟာဘိဉာဏ်ကို ရရှိခဲ့ကြသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ခဲ့လေသည်။

တထာဂတမြတ်ဗုဒ္ဓမှာ ဘိက္ခုနီများအား ဘွဲ့အပ်နှင်းသည့် ဘွဲ့သဘင် အခမ်းအနားတခု၌ ဘဒ္ဒါကစ္စာနာထေရီအား မဟာဘိဉာဏ်ဘွဲ့တော်ကို အပ်နှင်းပြီး ငါဘုရား၏ ထေရီသာဝကများအနက် ဘဒ္ဒါကစ္စာနာမှာ အဂ္ဂထေရီဘွဲ့ကိုဆောင်၍ မဟာဘိဉာဏ်တော် ရရှိခဲ့သူ ထေရီမ ဖြစ်ကြောင်းကို ရှင်တော်မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က မိန့်ကြားခဲ့ဖူးပါသည်။

အပါဒါနကျမ်းတွင် ရေးသားဖော်ပြထားသည့်အတိုင်း ဘဒ္ဒါကစ္စာနာ ထေရီသည် သက်တော် (၇၈)တွင် ပရိနိဗ္ဗာန် စံတော်မူခဲ့သည်။ မြတ်ဗုဒ္ဓ မဟာပရိနိဗ္ဗာန် မစံခင် (၂)နှစ် အလိုတွင် ထေရီမ ယသောဓရာ ပရိနိဗ္ဗာန် စံတော်မူခဲ့သည်။ ထိုကျမ်း၏ အဝဒါန (၅၈၄)တွင် ထေရီဘဒ္ဒါကစ္စာနာ ကိုယ်တော်မြတ်က ဤသို့ဆိုထားသည်။

*"အဋ္ဌတာဃတိယ သဟံ ပစ္ဆိမော ဝတ္တတိ ဘဝေါ*
*မဟာယ ဝေါ ဂမိဿမိ ကတမ္ဗေ သရဏံ မတ္တနော"*





အနက်မှာ – ငါ ယနေ့ ခုနှစ်ဆယ့်ရှစ်နှစ် ရှိပေပြီ၊ ဤဘဝသည် ကျွန်မ၏ နောက်ဆုံးဘဝဖြစ်သည်။ ကျွန်မ ရှင်တော်မြတ်ကို စွန့်၍ အဘယ်မှ သွားနိုင်ဦးမည်နည်း။ ကျွန်မမှာ အခြားခိုကိုးစရာ (သရဏဂုံ)မရှိ၊ ကျွန်မ နိဗ္ဗာန် အဖြစ်ကို ရရှိပါပြီ။

ဒေဝီယသောဓရာမှာ သူ၏ မြတ်ခင်ပွန်းယောက်ျား၏ စစ်မှန်သော နောက်လိုက် (အနုဂါမီ)ဖြစ်ခဲ့သည်။ လောကီစည်းစိမ်နှင့် ပြည့်ဝနေသော သူ့ဘဝမှာ ထိုဥစ္စာစည်းစိမ်ကို စွန့်ပစ်၍ တရားသီလရှင်တို့၏ ဘဝတွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်သွားခဲ့သည်။ လူတို့၏ သမိုင်းမှာ ရှာရခက်သော ဥပမာတခုဖြစ်ပါသည်။ မဟာကရုဏာရှင် မြတ်ဗုဒ္ဓနှင့်အတူ ယသောဓရာ၏ သန့်စင်မွန်မြတ်သည့် ဂါထာ (အကြောင်း)မှာလည်း ကမ္ဘာတည်သည့်ကာလအထိ ရှင်သန်သွားမည်ဖြစ်သည်။

ဘာဝတု သဗ္ဗမင်္ဂလံ
သဗ္ဗေသတ္တာ ဝေနေယျာ ကျန်းမာကိုယ်စိတ်မြဲပါစေ။

Generated by CamScanner from intsig.com



## စာရေးဆရာ၏
## ကိုယ်ရေးအကျဉ်း

စာရေးဆရာ "ရှန်တီ ဆွာရူပ ဗော်ဒ္ဓ"သည် လက်ရှိ အချိန်ကာလတွင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓနှင့် ဓမ္မဆိုင်ရာ စာပေများကို ကိုယ်တိုင်ရေးသားပြုစုခြင်း၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည့် အခြားပညာရှင်တို့မှ ရေးသားပြုစုသည့် ဗုဒ္ဓသမိုင်းနှင့်သုတေသနဆိုင်ရာ စာအုပ်စာပေများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးနေသည့် ပညာရှင်တစ်ဦးအဖြစ် ကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

သူ့ကို ၁၉၄၉–ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် အဘ "လာလာ ဟရိစန္ဒ မော်ရိယ"နှင့် အမိ "ဘူရိယာ ဒေဝီ မော်ရိယ"တို့မှ ဒေလီမြို့၌ မွေးဖွားပေးခဲ့သည်။ သူ၏အဘိုး "ချောက်ဒရီ ဒေဝီဒါ(စ်) မော်ရိယ"မှာ အိန္ဒိယ ပြည်မြောက်ပိုင်းဒေသတို့၌ အလွန်ထင်ပေါ်ကျော်ကြားသည့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ခဲ့ပေသည်။ ရှန်တီဆွာရူပ သည် ဒေလီတက္ကသိုလ်မှ (B.A) ဘွဲ့ကို ရရှိခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ ဗဟိုအစိုးရ၏ (CRSD)ဌာန၌ (၂၁)နှစ်အထိ ဒါရိုက်တာတစ်ဦးအဖြစ် အမှုထမ်းခဲ့ပါသည်။ ထို့နောက် အစိုးရအမှုထမ်းမှ အနားယူကာ လက်ရှိ **SAMYAK PRAKASHAN** ပုံနှိပ်တိုက်ကို ထူထောင်လျက် ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်စာပေများကို ဟိန္ဒီ၊ ဘင်္ဂလီ၊ မာရထီ၊ ပန်ဂျာဘီ၊ တမီလ်၊ အာသာမီယာ စသည့် အိန္ဒိယဘာသာစာပေတို့အပြင် အင်္ဂလိပ်နှင့် မြန်မာဘာသာတို့ဖြင့်လည်း ပုံမှန်ထုတ်ဝေ ဖြန့်ချိပေးလျက် ရှိပါသည်။ ၎င်း၏ ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သည့် အချို့စာအုပ်များကို ထိုင်းနှင့် သီရိလင်္ကာနိုင်ငံများမှ ထုတ်ဝေသူများက ခွင့်ပန်လျက် ၎င်းတို့၏ ဘာသာစကားများဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ထို့အပြင် ဆရာရှန်တီဆွာရူပသည် Dhamma Darpan (Hindi Quarterly) ဓမ္မကြေးမုံ မဂ္ဂဇင်းနှင့် အခြားဓမ္မရေးရာဆိုင်ရာ မဂ္ဂဇင်းစာအုပ်များကို အယ်ဒီတာအဖြစ် ကိုင်တွယ်ကာ ထုတ်ဝေလျက်ရှိပါသည်။ သူသည် Baudh Sahitya Academy (ဗုဒ္ဓစာပေအကယ်ဒမီ)နှင့် Bauddh Pariwar Milan Mela (ဗုဒ္ဓဘာသာဝင် မိသားစု



တွေ့ဆုံ ညှိနှိုင်းဖလှယ်မှု ပွဲတော်ကျင်းပရေး အဖွဲ့) ကဲ့သို့သော အဖွဲ့အစည်းများကို စတင်တည်ထောင်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါသည်။

ဆရာသည် အိန္ဒိယနိုင်ငံအတွင်းရှိ မြို့ကြီးမြို့ငယ်၊ ကျေးရွာဇနပုဒ် အနှံ့ သွားရောက်၍ ဗုဒ္ဓဘာသာဆိုင်ရာ တရားများကို လိုက်လံဟောကြားပေးသည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ သူသည် ပြည်ပနိုင်ငံများအနက် အထူးသဖြင့် ဩစတြေးလျ၊ အင်္ဂလန်၊ ပြင်သစ်၊ ဟောင်ကောင်၊ စင်္ကာပူ၊ နီပေါ စသည့် နိုင်ငံများသို့ ခရီးထွက်ကာ ဗုဒ္ဓဘာသာတရားတော်နှင့် ဗုဒ္ဓသမိုင်းဆိုင်ရာ အကြောင်းအရာများကို ဟောကြားပေးသည့် ပညာရှင်တစ်ဦးအဖြစ် ကျော်ကြားမှုရရှိသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ ဗုဒ္ဓစာရိတ္တ စာစဉ်အောက်မှ စာအုပ်ပေါင်း (၁၀၀)ကျော်ကို ရေးသားပြုစု၍ ကလေးလူကြီး၊ ကျောင်းသူကျောင်းသားများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် ရုပ်ပြစာစောင်များကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်များတွင် ရေးသားဖော်ပြပေးထားသည့် ရုပ်ပုံများသည် ဆရာကိုယ်တိုင် ရေးဆွဲထားသော လက်ရာများဖြစ်သည်။ ထို့အပြင် အလွန်တရာ နက်နဲမှုရှိသော ဗုဒ္ဓဘာသာဆိုင်ရာ သုတေသနပြု စာအုပ်စာတမ်းများကိုလည်း ရေးသားပြုစုပုံနှိပ်ထုတ်ဝေပေးသူ ပညာရှင်တစ်ဦး အဖြစ် အိန္ဒိယနိုင်ငံ၌ ကျော်ကြားနေ သည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

**SAMYAK PRAKASHAN** စာပုံနှိပ်တိုက်မှ စာအုပ်များကို မြန်မာဘာသာဖြင့် ထုတ်ဝေနိုင်ရန် အတွက် ၂၀၀၇–ခုနှစ်တွင် (Burmese Wing) မြန်မာဘာသာပြန်စာအုပ်ထုတ်ဝေရေးအဖွဲ့ကို ထည်တောင်ပေးခဲ့ပြီး ၎င်းဘာသာပြန်အဖွဲ့မှ ဗုဒ္ဓဘာသာဝင်တို့၏ ဖူးမျှော်ရာရှစ်ဌာန၊ ကိသာဂေါတမီ (ပန်းချီရုပ်စုံ)၊ အင်္ဂုလိမာလ၊ ဇီဝက (ပန်းချီရုပ်စုံ)၊ အမ္ဗပါလီ (ပန်းချီရုပ်စုံ) စသော ရုပ်ပြစာအုပ်ငယ်များကို မြန်မာဘာသာဖြင့်ပြန်ဆိုကာ ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ဤစာအုပ်မျိုးကို မြန်မာဘာသာဖြင့် ဆက်လက်၍ ထုတ်ဝေသွားရန် အစီအစဉ်များလည်း ရှိပါသည်။ မြန်မာစာဖတ်ပရိသတ်မှ ဤကြိုးစားမှုမျိုးကို အားပေးသွားကြပေလိမ့်မည်ဟု ယုံကြည်ပါသည်။

*ဘဝတု သဗ္ဗမင်္ဂလံ*

Generated by CamScanner from intsig.com

မြန်မာဘာသာဖြင့် ထုတ်ဝေပြီးသည့်စာအုပ်များ –

(၁) ဗုဒ္ဓဘာသာဝင်တို့၏ ပူးမျှော်ရာရှစ်ဌါန
(၂) ကိသာဂေါတမီ (ပန်းချီရုပ်စုံ)
(၃) အင်္ဂုလိမာလ (ပန်းချီရုပ်စုံ)
(၄) ဇီဝက (ပန်းချီရုပ်စုံ)
(၅) အမ္ဗပါလီ (ပန်းချီရုပ်စုံ)
(၆) အကြမ်းမဖက်မှု၏ အခြေခံအဆင့်များ

**(၂၀၀၈)ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသွားရန် စီစဉ်ထားသည့် စာအုပ်များ–**

(၁) ဘုရားလောင်း သိဒ္ဓါတ္ထကုမာရမွေးဖွားရာအရပ် (လုမ္ဗိနီ)
(၂) မြတ်ဗုဒ္ဓ စတင်ဓမ္မစကြာ လှည့်လည်ခဲ့သည့် အရပ်နေရာ (သာရနာထ)
(၃) ဘုရားရှင် ပရိနိဗ္ဗာန်ဝင်ခဲ့သည့် နေရာအရပ် (ကုသိနာဂါရ်) ကုသိနာရုံ
(၄) မယ်တော် မဟာမာယာဒေဝီ (ရုပ်ပြ)
(၅) ဝိသာခါ (ရုပ်ပြ)

कुशीनारा साहित्य सदन
22—डी० सुड़िया कुआँ, बशारतपुर, गोरखपुर
मो० नं०—09335847532, 9335687676

ဤစာအုပ်စာပေများကို အထူးသဖြင့် ဟိန္ဒီနှင့် အင်္ဂလိပ် ဘာသာတို့မှ မြန်မာဘာသာသို့ ပြန်ဆိုထားသဖြင့် မြန်မာစာဖတ်ပရိသတ်များက အချို့ နေရာများတွင် ရေးသားတင်ပြချက်များကို ဘဝင်မကျဖြစ်နိုင်ပါသည်။ ထို့သို့ ဖြစ်ရခြင်းမှာ ဘာသာပြန်သူများ၏ မြန်မာစာအရေးအသားအားနည်းချက်အဖြစ် မှတ်ယူကာ သီးခံခွင့်လွှတ်ကြပါရန် အထူးပန်ကြားအပ်ပါသည်။

Generated by CamScanner from intsig.com

# About the Author



Name : Shanti Swaroop Baudh.

Father : Late Lala Hari Chand Maurya

Date of Birth : 2 October 1949

Birth Place : Frashkhana, Old Delhi

Scope of work : Ex-President–The Buddhist Society of India (Regd.), Delhi State; Editor–Dhamma-Darpan (Hindi Quarterly); Founder–Baudh Sahitya Academy; Founder–Samyak Prakashan, New Delhi.

Religious Tours : Travelled and visited about all the important places in India and abroad. Delivered Dhamma discourses in several countries especially in Australia, England, France, Hong Kong, Singapore and Nepal etc. Training of Bauddhacharya from Gorakhpur (in 2006).

Occupation : Took voluntary retirement from Central Government after serving 21 years. Presently engaged in Export Business of handmade Paintings.

Specialization : To create and publish Buddhist Paintings depicting Buddhist heritage; Publishing Pictorial Buddhist literature for children; Glorious publication of famous Buddhist treatises; To publish Pali Tipitaka Translations in various Indian Languages.

Books : Has written about 75 books on Buddhist Ideals. Most of them have been translated in various languages.

Awards : Suryaputra Bhaiasahab Ambedkar Jivangaurav Rashtriya Puraskar, 2001; Rashtriya Dr. Ambedkar Aditya Samman, Madhya Pradesh, 2004; Samta Samman, 2007, Maharashtra; Harshavardhan Ratna Award, 2008, Punjab; Loksurya Samman, New Delhi, 2010; Dhammasiri Award, Mahabodhi Society, Kolkata, 2010; Bhartiya Triratna Samman, New Delhi, 2010; Nalanda Bheemratna Prestgious Award, Nagpur, 2010; Dhammaratna Award, Mumbai, 2011. Mahamanav Gotam Buddh Samman, Siddharath International, Delhi, 2012, Dhhamachintak National Award, Nagpur, 2012, Manav Mitra Samman, M.P., 2012.

Address : 32/3, Pocket-3, Paschim Puri, New Delhi–63
Phone : 9810161823
email : budhdharam@bol.net.in
web : www.samyakprakashan.in

SAMYAK PRAKASHAN
32/3, Paschimpuri, New Delhi–110063
Mob. 9810249452, 9818390161
email : budhdharam@bol.net.in
web : www.samyakprakashan.in

Generated by CamScanner from intsig.com